ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာ-ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလကွယ်၊ အင်္ဂါနေ့။ Tuesday, 18 April 2023 ၁၁၀၆၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား

(မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့)
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မြန်မာ့နှစ်သစ်ကူး အခါသမယမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ-**

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပြီး နှစ်ဟောင်းမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုပေါင်းများစွာကို **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"**ဆိုတဲ့ ခံယူချက်အတိုင်း ပြည်ထောင်စုသားအားလုံး တစ်ဦးကိုတစ်ဦး အားပေးကူညီရိုင်းပင်းပြီး ကျော်လွှားနိုင်ခဲ့ပါတယ်။ လက်ရှိဖြတ်သန်းရမယ့် ၁၃၈၅ ခုနှစ် တစ်နှစ်တာကာလကိုလည်း

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကား ပြောကြားစဉ်။



**"မိသားစုတစ်ခုရဲ့ အသက်ဟာ မိသားစု စိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ် မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှု အရှိန်အဟုန် ကောင်းတွေဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေ ရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။"**



ကြေးမုံ

# မြန်မာ့ယဉ်ကျေးမှုကိုဖျက်ဆီးသည့် အကြမ်းဖက်သမားများအား တိုက်ဖျက်

လောကကြီးသည် လွန်စွာအံ့ဩဖွယ်ကောင်း၏။ ရိုးသားမှန်ကန်စွာ အစဉ်အတိုင်း ဖြစ်ပျက်တည်ထွန်းလျက်ရှိ၏။ တစ်လတွင် ရက် ၃၀၊ တစ်ဆယ့်နှစ်လတွင် တစ်နှစ်ဖြစ်လာသည်။ ရက်ပေါင်း ၃၀ တစ်ဆယ့်နှစ်လစေ့၍ တစ်နှစ်ကြာလျှင် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းကို သင်္ကြန်ကျသည်၊ အတာကူးပြောင်းသည်ဟု ဆိုသည်။

ယခုအခါ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းသည့် ဤသင်္ကြန်ကာလတွင် မြန်မာပြည်တစ်ဝန်း အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြသည်။ သမိုင်းကြောင်းရှည်လျားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ခူးလသင်္ကြန်ပွဲတော်ကို အစဉ်အလာနှင့်အညီ အောင်မြင်စွာ ကူးပြောင်းခဲ့ကြသည်။ တန်ခူးလသင်္ကြန်ပွဲတော်နှင့်အတူ ကုသိုလ်ကောင်းမှုများ ထူးထူးကဲကဲပြုလုပ်ကြသည့်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာပွဲ၊ စုပေါင်းရဟန်းခံရှင်ပြုပွဲ စသည်ဖြင့် မင်္ဂလာရှိသောပွဲအမျိုးမျိုးကို ဆင်နွှဲနိုင်ခဲ့ကြသည်။ မြန်မာ့ရိုးရာနှစ်သစ်ကူးကာလ၌ ပျော်ရွှင်ဖွယ်ရာများ စုံလင်လှသလို ကုသိုလ်ကောင်းမှုများ ထုံမွမ်းခဲ့ကြသည်။

ထေရဝါဒဗုဒ္ဓဘာသာအခြေခံသည့် ယဉ်ကျေးမှုပွဲတော်များသည် ပျော်စရာရွှင်စရာပွဲများနှင့် လုံးဝမကင်းသော်လည်း ပျော်ပွဲသက်သက်မဟုတ်ပေ။ မြန်မာလူမျိုးတို့၏ မြတ်နိုးဖွယ်ရာယဉ်ကျေးမှုကို အစဉ်အလာမပျက် ထိန်းသိမ်းဆင်နွှဲသောပွဲဟု ဆိုရပေမည်။ သာသနပါလ မျိုးဆက်သစ်တို့အတွက် ယဉ်ကျေးမှုအမွေလက်ဆင့်ကမ်းပေးဝေပွဲဟုလည်း ဆိုနိုင်သည်။ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ထုတ်ဖော်ခြင်းလည်းဖြစ်ပေသည်။ ယဉ်ကျေးမှုအမွေအနှစ်ပျောက်ကွယ်ပါက ဘာသာနှင့် လူမျိုး ပျောက်ကွယ်ခြင်းအဖြစ်ကို မရောက်ရှိစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ကြခြင်းလည်းဖြစ်ပေသည်။

ယခုအခါတွင် အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ပျက်အောင် ဖျက်ဆီးနေကြသူများကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး အလေးအနက်ထားသည့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာ မဟာသင်္ကြန်ပွဲတော်ကြီးပျက်စီးစေရန် သင်္ကြန်မတိုင်မီကာလကတည်းက ကြံစည်အားထုတ်ခဲ့ကြသည်။ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့မှု ပျက်စီးစေရန် ယုတ်မာပက်စက်သောအကြံအစည်အမျိုးမျိုးကို လုပ်ဆောင်ခဲ့ကြသည်။ ဧပြီလ ၁၃ ရက် သင်္ကြန်အကြိုနေ့က လားရှိုးမြို့တွင် လက်လုပ်ဗုံးဖြင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံးခဲ့ပြီး အသက်သုံးနှစ်အရွယ် ကလေးတစ်ဦးအပါအဝင် ပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုနေ့တွင်ပင် စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာ အလယ်တန်းကျောင်းရှေ့၌ ရေကစားနေသည့် ကျေးရွာသူ ကျေးရွာသားများနှင့် ကလေးငယ်များကို ဒရုန်းယာဉ်ဖြင့် ဗုံးလေးလုံးချ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငါးဦးအပါအဝင် အပြစ်မဲ့ပြည်သူရှစ်ဦး သေဆုံးခဲ့ရပြီး ၃၁ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ သင်္ကြန်အကြတ်နေ့တွင် အရာတော်မြို့နယ် ငွေတွင်းကျေးရွာ၌လည်း ဒရုန်းယာဉ်ဖြင့် ဗုံးနှစ်လုံးပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးသုံးဦးအပါအဝင် ကျေးရွာသူ ကျေးရွာသား ၁၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အလားတူ ဧပြီလ ၁၅ ရက် သင်္ကြန်အကြတ်နေ့တွင်ပင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဇဟိုမဏ္ဍပ်၌ ကလေးငယ်များအပါအဝင် ပြည်သူများရေကစားနေစဉ် ဒရုန်းယာဉ်ဖြင့် ဗုံးချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ဤသို့ ယုတ်မာပက်စက်သောအကြံအစည်ဖြင့် သင်္ကြန်ရေသဘင်ပွဲတော်ကို ပျက်စီးစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေဒဏ်ရာများရရှိအောင် ပြုလုပ်ခဲ့ကြသော NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်များသည် မြန်မာတို့၏နှလုံးသားတွင် စိတ်မချမ်းမြေ့ဖွယ် စွဲထင်ကျန်ရစ်စေခဲ့သည်။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ထိုသို့ ခွင့်မလွှတ်နိုင်သောပြစ်မှုများ ကျူးလွန်ခဲ့ကြသည်ကိုဖုံးကွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအနီးတွင် ၎င်းတို့၏ အကြမ်းဖက်ဌာနချုပ် NUG ရုံးကို ရှင်းလင်းဖယ်ရှားမှုကြောင့် ဖြစ်ပေါ်ခဲ့မှုများကို နိုင်ငံတကာမျက်နှာစာတွင် မဟုတ်မမှန်လုပ်ကြံသတင်းထုတ်လွှင့်၍ နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးပမ်းအားထုတ်မှုများမှာ စက်ဆုပ်ဖွယ်ရာ ရက်ဖွယ်အတိဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေပျက်စီးအောင် ပြုလုပ်ခဲ့သော NUG နှင့် လက်ဝေခံ PDF အကြမ်းဖက်သမားများအား ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အကျဉ်းသား / အကျဉ်းသူ ၃၀၁၅ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၈ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၃၀၁၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **" နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခု ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် "** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နိုင်ငံခြားသား အကျဉ်းသား / သူ ၉၈ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၉ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား/သူ ၉၈ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **" နောက်တစ်ကြိမ် ပြစ်မှုထပ်မံ ကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် "** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## သီရိလင်္ကာနိုင်ငံသား ၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၀ / ၂၀၂၃**
**၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အောက်ပါ သီရိလင်္ကာနိုင်ငံသား ၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **" နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် "** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်-

| | | |
|---|---|---|
| ( ၁ ) | အစ / ၂၃ / ၀၂၅၁၉ / က | Mr. R.R. GAMINI |
| ( ၂ ) | အစ / ၂၃ / ၀၂၅၂၀ / က | Mr. M.M.R.D DILSHAN |
| ( ၃ ) | အစ / ၂၃ / ၀၂၅၂၁ / က | Mr. L.S.J NANAYAKKARA |
| ( ၄ ) | အစ / ၂၃ / ၀၂၅၂၂ / က | Mr. V.G.L.R KUMARA |
| ( ၅ ) | အစ / ၂၃ / ၀၂၅၂၃ / က | Mr. L.H.N KARUNASINGHE |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(B.E FALLS)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် ဥယျာဉ်မှတာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများပြုလုပ်ခြင်း၊ ရေလမ်းကြောင်းထိန်းသိမ်းမှုဆောင်ရွက်ခဲ့ခြင်းကြောင့် ကန်တော်ကြီးအတွင်းသို့ ရေဝင်ပေါက်များမှရေများပြန်လည်စီးဝင်လျက်ရှိသည့် အခြေအနေများ၊ ဥယျာဉ်အတွင်း ဒေသပန်းမျိုးစိုက်ကွက်များထားရှိမှု၊ ဒေသပန်းမျိုးများ သုတေသနစင်တာတည်ဆောက်၍ ဒေသပန်းမျိုးများကို စမ်းသပ်သုတေသနပြုလုပ်နေမှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရေဝင်ရောက်မှုနှင့် ရေဝင်ပေါက်များ ပုံမှန်သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ သင်္ကြန်ကာလအတွင်း ပြည်သူများလာရောက်အပန်းဖြေမှုနှင့် နှစ်စဉ်ကျင်းပပြုလုပ်သည့် ပန်းပွဲတော်များသို့ ပြည်သူများ အပန်းဖြေလာရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အကြံပြုပြောကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မေမြို့ပန်း၊ ဂန္ဓမာပန်း၊ သစ္စာပန်း၊ ဒေလီယာပန်း စသည့် ပန်းများသည် ပြင်ဦးလွင်၏ နာမည်ကျော်လူကြိုက်များသည့် ပန်းများဖြစ်ကြောင်း၊ သဘာဝအလျောက် ပေါက်ရောက်နေသည့် ၁၂ ရာသီပန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြုဆောင်ရွက်ကြရန် လိုကြောင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျသုံးစွဲရန်လိုကြောင်း၊ ဒေသမျိုးရင်းများနှင့် ပြင်ဦးလွင်၏ရာသီဥတုနှင့်ကိုက်ညီသည့် နိုင်ငံအတွင်းရှိ ဒေသများမှ ပန်းမျိုးများစိုက်ပျိုးမှု တိုးတက်စေရေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ချယ်ရီပင်များ ပွင့်လန်းမှု ပိုမိုကောင်းမွန်စေရေး စနစ်တကျ သုတေသနပြုဆောင်ရွက်ရန် လိုကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ပန်းရနံ့များနှင့် သင်းပျံ့နေမည်ဆိုပါက ပြည်သူများစိတ်လက်ရွှင်လန်းစွာဖြင့် အပန်းဖြေနိုင်မည်ဖြစ်သဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုကြောင်း၊ မြက်စိုက်ပျိုးရာတွင်လည်း ဘဲစားမြက်များကို ကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီး စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုများ လျော့နည်းမှုမရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း အကြံပြုပြောကြားပြီး တာဝန်ရှိသူများကို ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လာရောက်အပန်းဖြေအနားယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ကန်တော်ကြီးအတွင်းသို့ ပလတ်စတစ်အမှိုက်များ စွန့်ပစ်မှုမရှိစေရေး အမှိုက်ပုံးများ စနစ်တကျထားရှိပေးရန်၊ ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့ဖြစ်သည်နှင့်အညီ ချယ်ရီပင်များကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စနစ်တကျပြန်လည်စိုက်ပျိုးရန်၊ အလားတူ အပင်ကြီးမျိုးများနှင့် စိန်ပန်းပြာအပင်များကိုလည်း စိုက်ပျိုးရန် မှာကြားသည်။

## ပြန်လည်စီးဝင်လျက်ရှိ

အမျိုးသား ကန်တော်ကြီးအတွင်းသို့ ရေဝင်ရောက်မှုများနည်းပါးလျက်ရှိခြင်းကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများပြုလုပ်ခြင်း၊ ရေလမ်းကြောင်း ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ကန်တော်ကြီးအတွင်းသို့ ရေဝင်ပေါက်များမှရေများပြန်လည်စီးဝင်လျက်ရှိသည်။ ယခုနှစ် မြန်မာ အတာသင်္ကြန်ကာလအတွင်း အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းသို့ ပြည်သူ ၂၄၉၅၀ ဝင်ရောက်ခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် ပန်းပွဲတော်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၃၁၇၁၁၅ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(B.E FALLS) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း အသစ်တည်ဆောက်ထားသည့် Sky Cable Car ကို လိုက်ပါစီးနင်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(B.E FALLS)အတွင်း ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေးကာ အစာကျွေးကြပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက်အပန်းဖြေစခန်းအတွင်း ပန်းခင်းများကို နေရောင်ခြည်စွမ်းအင်သုံးရေတင်စက်ဖြင့် ရေဖျန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လာရောက်အပန်းဖြေအနားယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၄ သို့ ☆

✪ ရှေ့ဖုံးမှ

ယခင်နှစ်ကထက် မလျော့သော ညီညွတ်မှု၊ စုစည်းမှု စွမ်းပကားဖြင့် ဖြတ်သန်းနိုင်မည်ဟုလည်း ယုံကြည်ပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ကျွန်တော်ဦးဆောင်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကိုဗစ်-၁၉ ရောဂါကို အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ စုစည်းအားနဲ့ အောင်မြင်စွာ ဖြေရှင်းခဲ့ပါတယ်။ အနာဂတ်ကာလမှာ နိုင်ငံသားတိုင်း ကျန်းမာရေးအရ ဘေးကင်းလုံခြုံကောင်းမွန်တဲ့ ပတ်ဝန်းကျင်ဖြစ်စေရေးနဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အလေ့အထကောင်းတွေ ဖန်တီးပေးနိုင်ဖို့ ရေရှည်ရည်မှန်းချက်အနေနဲ့ ကြိုးပမ်းလုပ်ဆောင်လျက် ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေ ကျန်းမာပြီး အသက်ရှင် ရပ်တည်နိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေးဟာ အရေးကြီးပါတယ်။

စားရေရိက္ခာ ဖူလုံရေးအတွက် ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ အဓိက အသက်မွေးမြူရေး လုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ချမှတ်ကာ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးအကျပ်အတည်းများ ရှိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ကျွန်တော်တို့ ပြည်တွင်းအားတွေ စုစည်းမှုကောင်းလာသောကြောင့် ကုန်ထုတ်လုပ်မှုတွေ ကောင်းမွန်လာပါတယ်။ နယ်စပ်ကုန်သွယ်မှုတွေကို အတိုင်းအတာတစ်ခု အထိ ဖွင့်လှစ်လာနိုင်ခြင်းတွေကြောင့် လုပ်ငန်းတွေပြန်လည် လည်ပတ်လာနိုင်ပြီး နိုင်ငံရဲ့စီးပွားရေးဟာ အနုတ်လက္ခဏာမှ အပေါင်း ၃ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့ပါတယ်။ စီးပွားရေး မြှင့်တင်မှုတွေဆောင်ရွက်ရာမှာ ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်ရန် လိုအပ်ပြီး ပြည်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို အားပေးခြင်းဟာ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းဖြစ်ပါတယ်။ MSME လုပ်ငန်းတွေကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်ကုန်တွေ ပိုမိုတင်ပို့နိုင်ဖို့ ကျွန်တော်တို့ပြည်သူတွေက ပိုမိုကြိုးပမ်းဆောင်ရွက်ခဲ့ရင် ဒီနှစ်ဟာ ယခင်နှစ်တွေကထက် စီးပွားရေးတိုးတက်မှုအား ပိုကောင်းလာမယ်လို့ ကျွန်တော် အပြည့်အဝ ယုံကြည်ပါတယ်။ မိသားစုတစ်ခုရဲ့ အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ် မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှု အရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေ ရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရမှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရေးဟာ မဖြစ်မနေ လိုအပ်ပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်တွေရှိနေတဲ့ တိုင်းပြည်တွေဟာ တိုးတက်မှု နှောင့်နှေးနေမှာ ဖြစ်ပါတယ်။ တိုင်းပြည်နဲ့ ပြည်ထောင်စုအကျိုးကို ကြည့်ပြီး သမာသမတ်ရှိစွာ၊ ရိုးသားမှုရှိစွာ ညှိနှိုင်းဆောင်ရွက် ကြိုးပမ်းအားထုတ်မယ်ဆိုရင် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** **"Keep Moving Forward to Achieve Our Goal"**ဆိုတဲ့အတိုင်း နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးဟာ မလွဲမသွေ ဖြစ်ပေါ်လာမှာပဲ ဖြစ်ပါတယ်။

အလားတူပဲ လူပုဂ္ဂိုလ်တစ်ဦး အောင်မြင်တိုးတက်ဖို့ဆိုတာ အသိပညာ၊ အတတ်ပညာ ကြွယ်ဝမှုပေါ်မှာ တည်ပါတယ်။ ဒါဟာ လူတိုင်းအတွက် **"ပညာ"** တတ်မြောက်မှု လိုအပ်တယ်ဆိုတာ ဖော်ပြတာပါ။ ဒါကြောင့် ကျောင်းနေအရွယ်တိုင်း အတန်းပညာမြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှု အကျိုးရလဒ်ကို ရရှိစေပါလိမ့်မယ်။

မည်သည့်ကိစ္စမဆို လူသာလျှင် အရေးကြီးဆုံး ဖြစ်ပါတယ်။ လူသာလျှင် ပဓာန ဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ လူရဲ့ ဦးဆောင်မှု၊ လူရဲ့ လိုက်နာဆောင်ရွက်မှု၊ လူရဲ့ ပြုပြင်ဖန်တီးမှုတို့ဟာ အဓိက ကျပါတယ်။ ကျွန်တော်တို့ အားလုံး ကျရာကဏ္ဍကနေ မိမိတို့ရဲ့ အလုပ်ကို စိတ်ပါလက်ပါ ချစ်မြတ်နိုးစွာ ပူးပေါင်း ဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ ရည်မှန်းထားတဲ့ နိုင်ငံရဲ့ အောင်မြင်မှုဟာ မလွဲမသွေရရှိမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုလို ကျက်သရေမင်္ဂလာရှိတဲ့ ၁၃၈၅ ခုနှစ် နှစ်သစ်ဦး အချိန်ကာလ အခါသမယမှာ နှစ်ဟောင်းရဲ့ အားနည်းချက်ကိုပြုပြင်၊ အားသာချက်တွေကို မြှင့်တင်ပြီး နိုင်ငံ့အကျိုးအတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့အားလုံး စုစည်းညီညွတ်စွာဖြင့် နိုင်ငံ၏ ကောင်းရာကောင်းကျိုးကို လက်တွဲညီညီ ဆောင်ရွက်ကြပါစို့ ခင်ဗျား -

အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား-

**❛ မည်သည့်ကိစ္စမဆို လူသာလျှင်အရေးကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာန ဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ လူရဲ့ ဦးဆောင်မှု၊ လူရဲ့ လိုက်နာဆောင်ရွက်မှု၊ လူရဲ့ ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။ ကျွန်တော်တို့အားလုံး ကျရာကဏ္ဍကနေ မိမိတို့ရဲ့အလုပ်ကို စိတ်ပါလက်ပါ ချစ်မြတ်နိုးစွာ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ရည်မှန်းထားတဲ့ နိုင်ငံရဲ့အောင်မြင်မှုဟာ မလွဲမသွေရရှိမှာ ဖြစ်ပါတယ်။ ❜**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ပွဲကောက်ရေတံခွန်သည် ယခင်ကစနစ်ကျသည့် အကွက်ချမှုမရှိခြင်း၊ ဈေးဆိုင်ခန်းများ များပြားလာခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။


ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအရ အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေတံခွန်အတွင်း ရေသန့်စင်စေရေး သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထားသဖြင့် ရေကစားလိုသူများအနေဖြင့်လည်း သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ ရေကစားမှုပြုနိုင်မည်ဖြစ်သည်။ အပန်းဖြေစခန်းအတွင်း ရေတံခွန် သုံးခုရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထား၍ မှန်တံတားအောက်ခြေရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာ ခံစားနိုင်မည်ဖြစ်သည်။ ပန်းမြို့တော်၊ ခရီးသွားမြို့တော် ဖြစ်သည်နှင့်အညီ ပန်းမျိုးစုံကို စိုက်ပျိုးထားရှိ၍ နှစ်စဉ် ပန်းပွဲတော်များကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ လာရောက်လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင် ဆောင်ရွက်ထားသည်။ မှန်တံတား၊ ကြိုးတံတားများအပြင် log house၊ coffee shop၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများ စသည်တို့ကို ပြည့်စုံအောင် ထည့်သွင်းအဆင့်မြှင့်တင်ထားရှိသည့်အပြင် ယခုအခါတွင် အရှည် ၅၅၄ မီတာရှိ Sky Cable Way ကိုလည်း တည်ဆောက်ထားရှိကာ Sky Cable Car များကို စီးနင်း၍ သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစားနိုင်ကြောင်းနှင့် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(B.E FALLS)သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွား ပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(B.E FALLS)အတွင်းရှိ ဆင်လေးအား အစာကျွေးစဉ်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)၏ နှစ်သစ်ကူးမေတ္တာပို့သလွှာ



**ကောဇာသက္ကရာဇ် - ၁၃၈၅ ခုနှစ်**

**မြန်မာနှစ်သစ်ကူးမေတ္တာပို့သလွှာ**

နှစ်သစ်မှာ မြန်မာနိုင်ငံသူ/နိုင်ငံသားများ၊ ကမ္ဘာသူ/ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့ ထာဝရပြီးပြည့်စုံကြပါစေ။ စိတ်သောကတွေ ကင်းဝေးကြပါစေ။ စားဝတ်နေရေးတွေလည်း အဆင်ပြေပါစေ။ မြန်မာနိုင်ငံသူ/ နိုင်ငံသားများအားလုံး မေတ္တာတရားထားနိုင်ကြပါစေ။

## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒ၏ နှစ်သစ်ကူးမင်္ဂလာစကား

**ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။**

**သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။**



အလုံးစုံသော မင်္ဂလာအပေါင်းသည် အသင်သူတော်ကောင်းတို့အား ဖြစ်ပါစေသတည်း။ အလုံးစုံသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် အသင် သူတော်ကောင်းတို့အား ကောင်းစွာ စောင့်ရှောက်ကြပါစေကုန်သတည်း။ အလုံးစုံသော မြတ်စွာဘုရားရှင်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော တရားတော်မြတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော သံဃာတော်မြတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အသင်သူတော်ကောင်းတို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

ဤသည်ကား လိုလားသောဆုကို ပေးခြင်းသဘောသာတည်း။ စင်စစ်သော်ကား ဗုဒ္ဓသာသနာဟူသည်မြတ်စွာဘုရားရှင်၏အဆုံးအမတော်သာတည်း။ ဗုဒ္ဓသာသနာ အဆုံးအမစကားတော်အားဖြင့်ကား အသင်သူတော်ကောင်းတို့အား အလုံးစုံသောမင်္ဂလာအပေါင်းသည်ဖြစ်စေရန် အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်၍ နေထိုင်ကြပါလေ။ အသင်သူတော်ကောင်းတို့အား အလုံးစုံသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် ကောင်းစွာ စောင့်ရှောက်ကြစေရန် အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်၍နေကြပါလေ။

အလုံးစုံသော မြတ်စွာဘုရားရှင်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော တရားတော်မြတ်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသောသံဃာတော်မြတ်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အသင်သူတော်ကောင်းတို့အား အခါခပ်သိမ်းကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့ ရရှိကြစေရန် (အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို) ကျင့်ကြံအားထုတ်၍နေကြပါလေ။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား လိုလားသောဆုကို ပေးခြင်းသည်သာမက ကိုယ်တိုင် ကျင့်ကြံအားထုတ်သောအားဖြင့် ကောင်းကျိုးချမ်းသာတို့ကို ကိုယ်တိုင်ရရှိခံစားနိုင်ကြစေရန် အဆုံးအမသာသနာတော်မြတ်တို့ကို သွန်သင်ဆုံးမတော်မူခဲ့ပါသည်။

ထို့ကြောင့် အသင်သူတော်ကောင်းတို့နှင့် အကျွန်ုပ်တို့သည် နှစ်သစ်ကူးအခါသမယမှအစပြု၍ နောင်ကာလ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးတို့ကို ကြည်ညိုကြကုန်လျက် မိမိတို့ကိုယ်တိုင် ကောင်းမြတ်သောကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်ကြသောအားဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်လျက် မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ သာသနာတော်ကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးတို့ကို ဆောင်ရွက်နိုင်ကြသော သူတော်ကောင်းတို့သည်ဖြစ်ကြလေကုန်ရာသတည်း။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ (ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်)၏ နှစ်သစ်ကူးမင်္ဂလာစကား

**အကျင့်ကောင်းလျှင် အားလုံးကောင်းမည်**




ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၅ ခုနှစ်ဟု ဆိုအပ်သော မြန်မာ့နှစ်သစ်သို့ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ ယနေ့ကျရောက်သည့် မြန်မာ့နှစ်သစ်မင်္ဂလာနေ့ထူးနေ့မြတ်မှစ၍ နိုင်ငံသူနိုင်ငံသား ခုနစ်ရက်သားသမီးများအားလုံး ဘေးဥပဒ်အန္တရာယ်ရန်စွယ်ဟူသမျှ၊ အနှောင့်အယှက်ဟူသမျှ ကင်းစင်ပပျောက်၍ လိုရာဆန္ဒအဝဝတို့ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက် နှစ်သစ်မင်္ဂလာကောင်းမြတ်သောအချိန်အခါ၌ မေတ္တာဖြင့် တိုက်တွန်းလိုသည်မှာ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပုဗ္ဗဏှသုတ်ပါဠိတော်မှာ

**သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။ သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။**

**ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။ ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏေ။** ဟု ဟောတော်မူခဲ့ပါသည်။ ထိုဒေသနာတော်၏အဓိပ္ပာယ်မှာ "နံနက်အခါ၊ မွန်းတည့်အခါ၊ ညချမ်းအခါတို့၌" ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် သုစရိုက်တရားကို ကျင့်ကြကုန်သောသူတို့အား "ကောင်းသော နံနက်အခါ၊ ကောင်းသော မွန်းတည့်အခါ၊ ကောင်းသော ညချမ်းအခါ"ဖြစ်၍ ထိုသုစရိုက်တရားကိုကျင့်သောသူတို့အား "နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း အားလုံးအကောင်းချည်းဖြစ်ကြောင်း သုစရိုက်ကျင့်သောသူ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဟူသမျှသည်လည်းပဲ တိုးတက်ကြီးပွားကြောင်း အကောင်းချည်းသာဖြစ်ကြောင်း ဟောတော်မူခဲ့ပါသည်။ ထိုပုဗ္ဗဏှသုတ်ဒေသနာတော်၌ ဟောတော်မူသည်နှင့်အညီ ယနေ့ကျရောက်သော မြန်မာတို့၏ နှစ်သစ်မင်္ဂလာအခါတော်နေ့မှစ၍ အားလုံးသော မြန်မာနိုင်ငံသူ နိုင်ငံသား ခုနစ်ရက်သားသမီး အားလုံးတို့ဟာ မိမိတို့သန္တာန်၌ အမြဲတမ်း နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း စသည်တို့နှင့် တွေ့ကြုံနိုင်ကြပြီး ကြီးပွားတိုးတက်ခြင်း စသော ကောင်းကျိုးချမ်းသာကျက်သရေ မင်္ဂလာအဖြာဖြာတို့ ရရှိသုံးဆောင်ခံစားနိုင်ကြစေရန်နှင့် ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြစေရန် နေ့စဉ် နေ့စဉ် သုစရိုက်ဆယ်ပါး အကျင့်တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကြောင်း မေတ္တာဖြင့်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တ နိမလ (Ph.D. Buddhism) ( ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက်)၏ နှစ်သစ်မင်္ဂလာဆုတောင်း



ဒီကနေ့ဟာ ၁၃၈၄ ခုနှစ်ကုန်ဆုံးလို့ ၁၃၈၅ ခု မြန်မာနှစ်သစ်အခါသမယပဲဖြစ်ပါတယ်။ အခုလို မင်္ဂလာရှိလှတဲ့ မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအခါသမယမှာ ဘုန်းဘုန်းအနေနဲ့ နှစ်သစ်မင်္ဂလာ နှစ်ဦးဆုမွန်ပတ္ထနာပြုပေးပါမယ်။

**ယာဒိသံ ဝပတေဗီဇံ – တာဒိသံ ဟရတေဖလံ**

**ကလျာဏကာရီ ကလျာဏံ – ပါပကာရီစ ပါပကံ။**

သဂါထာဝဂ္ဂသံယုတ်။

**ကလျာဏကာရီ ကလျာဏံ** – ကောင်းသောစေတနာဖြင့် ကောင်းသောကုသိုလ်မျိုးစေ့တို့ကိုစိုက်ပျိုးနိုင်သော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများဖြစ်နိုင်ကြပါစေ။

**ပါပကာရီစ ပါပကံ** – မကောင်းသောစေတနာဖြင့် မကောင်းသောအကုသိုလ်မျိုးစေ့တို့ကို စိုက်ပျိုးမိသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများ မဖြစ်ကြပါစေနှင့်။

❖ ကောင်းပင်ပျိုး၍ ကောင်းကျိုးကိုယ်၌တည်စေသူများဖြစ်ကြပါစေ။

❖ ဆိုးပင်ပျိုး၍ ဆိုးကျိုးများ ကင်းဝေးသောသူများဖြစ်ကြပါစေ။

နံနက်မိုးလင်းမှမိုးချုပ် ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာတို့သည် မိမိနောက်သို့ လိုက်ပါခြင်းမပြု။ ကုသိုလ်၊ အကုသိုလ် (၂)ပါးသာလျှင် လိုက်ပါခြင်းဖြစ်သည်။

သို့အတွက်ကြောင့် မိုးလင်းတဲ့အချိန်မှ မိုးချုပ်တဲ့အချိန်ထိ ကုသိုလ်တရားပွားများပြီးသကာလ ကောင်းကျိုးတွေရရှိပြီး ချမ်းသာသုခ ပြည့်ဝနိုင်ကြပါစေ။

မကောင်းတာတွေ ဖယ်ရှား၊ ကောင်းတာတွေ ပွား၊ ကောင်းကျိုးချမ်းသာရကြပါစေ။

နှစ်သစ်အခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပြီး ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေလို့ နှစ်သစ်ကာလအခါသမယ၌ ဆုတောင်း "ပတ္ထနာ"ပြုလိုက်ပါသည်။

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယသာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ နှစ်သစ်ကူးဩဝါဒကထာ

သတ္တလောကကြီးတစ်ခုလုံး သီတဂူ စန်းလပမာ ချမ်းမြသာယာရှိကြပါစေ။ နှစ်ဟောင်းကိုထားခဲ့ပြီး နှစ်သစ်ကို နှုတ်ဆက်ပါတယ်။ “လ”က အေးမြတဲ့ ရောင်ခြည်ကို နေရာမရွေးလွှတ်တယ်။ သူပုန်၊ ဓားပြနေတဲ့တောတောင်မှာ “လ”က အလင်းရောင်ပေးသလို သူတော်ကောင်းတွေနေတဲ့ တော၊ တောင် တွေမှာလည်း “လ”က အလင်းရောင်ပေးတယ်။ မေတ္တာတရားဆိုတာ “လ”နဲ့ ပမာတူတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်အကူး တစ်ကမ္ဘာလုံး သီတဂူ စန်းလပမာ ချမ်းမြသာယာရှိကြပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။

၁၃၈၄ ခုနှစ်ကုန်လို့ ၁၃၈၅ ခုနှစ်သို့ ကူးကြတဲ့ နှစ်ဟောင်းကို ဘာနဲ့ နှုတ်ဆက်မလဲ။ နှစ်သစ်ကို ဘယ်လို နှုတ်ဆက်မလဲ။ နှစ်သစ်ကို ဘယ်လို ဆက်လက် လျှောက်လှမ်းမလဲဆိုတဲ့ အပေါ် အားလုံးသဘောပေါက်ဖို့ လိုတယ်။ လောကကြီးတစ်ခုလုံး အားလုံးအဟောင်းနဲ့ အသစ်၊ အသစ်နဲ့ အဟောင်း၊ပြောင်းလဲနေတာပဲဆိုတာကို လူသားတွေ သဘောပေါက်ကြဖို့လို တယ်။ အဲ့ဒါက ဓမ္မပဲ။ ဘာသာအလိုက် ယုံကြည်မှုတွေ၊ ကိုးကွယ်မှုတွေ မတူကြပေမယ့်၊ အဟောင်းအသစ်ပြောင်းလဲခြင်းတွေ အားလုံးအတူတူပဲ။ နှစ်တွေ ပြောင်းပြီး အသစ်တွေဟောင်းတာ နှစ်သစ်ရောက်သလို၊ ခေတ်တွေ၊ စနစ်တွေဟောင်းပြီး ပြောင်းသွားပြန်တော့ ခေတ်သစ်၊ စနစ်သစ်ရောက်လာပြန်တာ။ ခေတ်တွေ၊ နှစ်တွေဟောင်းပြီး ပြောင်းသွားသလို ပျောက်သွားသလို၊ ပေါ်လာတဲ့ စနစ်သစ်တွေလည်း ဟောင်းပြီးတော့ ဒီလိုပျောက်နေကြမှာပဲ။

ခေတ်တွေ၊စနစ်တွေကိုတည်ဆောက်နေကြတဲ့ လူသားတွေရော၊ ဆင်းရဲသား၊ မုဆိုး၊ တံငါ၊ သူဌေး၊ သူကြွယ်၊ နိုင်ငံရေးသမား၊ ဘာသာရေးခေါင်းဆောင်တွေ အားလုံးက မိနစ်တိုင်း၊ စက္ကန့်တိုင်း၊ နာရီတိုင်း၊ မိနစ်မလပ်၊ စက္ကန့်မလပ် ခြေဖျားမှ ဆံပင်ဖျားတစ်လံမျှရှိတဲ့ ခန္ဓာထဲက ရုပ်တရား၊ နာမ်တရားတွေဟာ နာရီတွေပြောင်းသလို၊ နေ့ရက်တွေဟောင်းသလို၊ ခေတ်တွေ စနစ်တွေပြောင်းသလို၊ မိမိခန္ဓာမှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကပဲ အကုန်ဟောင်းဟောင်းပြီး



ပြောင်းပြောင်း ပျက်နေကြတယ်ဆိုတာ အဲ့ဒါသခါ်ရခေါ်တယ်။ အဲဒီတော့ စိတ်ဟောင်းတွေ စိတ်သစ်သို့ ပြောင်းဖို့ ရန်အတွက် အဲ့ဒီသခါ်ရကို မြင်အောင် ကြည့်နိုင်မှဖြစ်မယ်။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ မနာလိုခြင်း၊ ဝန်တိုခြင်းဆိုတဲ့ အဲဒီကိလေသာ စိတ်ယုတ်မာတွေဟာ အလွန်ဟောင်းနွမ်းနေတဲ့စိတ်တွေဖြစ်တယ်။ ကမ္ဘာဦးကတည်းက ပေါ်လာတဲ့ စိတ်တွေ၊ မွေးကတည်းကရလာတဲ့ စိတ်ဟောင်းတွေ၊ ဒါတွေကို အသစ်ဖြစ်အောင် မလုပ်နိုင်ရင် ဘယ်တော့မှ ကမ္ဘာကြီးက သာယာချမ်းမြေ့ဖွယ်ကောင်းတဲ့ ကမ္ဘာကြီး ဖြစ်လာမှာမဟုတ်ဘူး။ အရေးအကြီးဆုံးက လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ စိတ်ညစ်၊ စိတ်ယုတ်မာ၊ စိတ်ဟောင်းတွေအကုန်လုံး သန့်ရှင်းသုတ်သင်ပြီးတော့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပဆိုတဲ့ အဲဒီသူတော်ကောင်းစိတ်ဓာတ်တွေသို့ ပြောင်းနိုင်မှ အသစ်ကနေ အဟောင်းပြောင်းတာလို့ခေါ်တယ်။ ရေလောင်းရုံနဲ့ အဲဒီစိတ်ယုတ်မာတွေက မကုန်ပါဘူး။

မြတ်စွာဘုရား ကိုယ်တော်မြတ်နဲ့ ခေတ်ပြိုင် ဘာသာရေးဂိုဏ်းတချို့က တစ်ဆောင်းတွင်းလုံး ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ နေရဉ္စရာမြစ်တို့မှာ ကိလေသာအညစ်အကြေးကုန်မလားလို့ ရေစိမ်နေကြတာတွေရှိတယ်။ တချို့ အယူအဆကလည်း ရေမျောရုံနဲ့ ကိလေသာ မမျောပါဘူး။ တို့က မီးလှုံမယ်ဆိုပြီး နွေခေါင်ခေါင်မီးဖြိုက်ပြီး ကိလေသာကို ရှို့မြိုက်နေတဲ့ လူတွေလည်းရှိတယ်။ ဒီကနေ့အထိ အိန္ဒိယပြည်မှာ မီးလှုံခြင်း၊ ရေမျောခြင်း၊ ရေငုတ်ခြင်းဆိုတဲ့ အကျင့်တွေ ကျန်နေသေးတယ်။ အတွင်းစိတ်ဓာတ်ကို မီးရှို့လို့ မလောင်ဘူး။ ရေနဲ့ဆေးလို့ မပြောင်ဘူး။ အတာရေ သင်္ကြန်ဆိုတာက အထိမ်းအမှတ် သဘောတစ်ခုပဲ။ ပြောချင်တာက ကမ္ဘာဦးကတည်းက ရလာတဲ့ စိတ်ညစ်၊ စိတ်ဟောင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေကို ဒီကနေ့အထိ အကုန်လုံးညစ်နေကြတဲ့ စိတ်ညစ်တွေကို ဆေးကြောဖို့ဆိုရင် **မြတ်စွာဘုရားဟောကြားတဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဓမ္မသီတာရေနဲ့ ဆွတ်ဖျန်းမှ အေးချမ်းမှာပါ။** ဓမ္မသီတာရေချမ်းနဲ့ဆေးကြောမှ ဒီစိတ်ဟောင်းတွေ သစ်လွင်တောက်ပလာမှာဆိုတဲ့ အကြောင်း သတင်းကောင်းပါးအပ်ပါတယ် သူတော်ကောင်းတို့…။

**မိမိတို့ရဲ့ စိတ်ဟောင်းတွေကို ဓမ္မသီတာရေချမ်းနဲ့ ဆေးကြောပြီးတော့ စိတ်ဓာတ်အသစ်ကိုပြောင်းနိုင်ကြပါစေ။**

## ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းဆရာတော်)၏ နှစ်သစ်မင်္ဂလာစကား



မြန်မာ့နှစ်ကူးမင်္ဂလာအချိန်မှစပြီး ကမ္ဘာသူ၊ ကမ္ဘာသားများနဲ့ မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်း သာယာကြပါစေ။ ကိုယ်စီကိုယ်င ကိုယ့်ဒေသမှာ ပျော်ကြရာဝယ် သတ္တဝါဟူသမျှတို့သည် အိမ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေသတည်း။ မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍ ကောင်းစွာမိုးသောက် အလင်းရောက်လျက် ထမြောက်နိုးကြား နိုင်ကြပါစေကုန်သတည်း။ အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို သူတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေသတည်း။ အလေ‌ာင်းအလျာ ဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို တစ်ဆင့် ထက်တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## အနုပညာရှင်များ၏ မြန်မာ့နှစ်သစ်ကူးဆုတောင်းစကားသံများ

**ဦးကြည်စိုးထွန်း ( မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ဆောင်ပုဒ်က “ရုပ်ရှင်သည် ပြည်သူ့အတွက်ဖြစ်ပါတယ်” လို့ ဆိုထားပါတယ်။ ရုပ်ရှင်ဟာပြည်သူ့အတွက်ဆိုတာကြောင့် ပြည်သူတွေပျော်ရွှင်မှု၊ အေးချမ်းသာယာမှု၊ ကြီးပွားတိုးတက်မှုနဲ့ ဘာသာသာသနာမှာကောင်းမွန်စွာ ရွက်ဆောင်နိုင်ကြဖို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ရုပ်ရှင်ကိုချစ်မြတ်နိုးတဲ့ ပရိသတ်ကြီးဟာ ကျွန်တော်တို့အစည်းအရုံးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်တာကြောင့် ချစ်ပရိသတ်ကြီး နှစ်သစ်မင်္ဂလာချိန်ခါမှာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။

**ပန်းချီစိုးမိုး ( ရုပ်ရှင်ဒါရိုက်တာ )**

မြန်မာ့နှစ်ကူးနှင့်အတူ အေးမြကြည်လင်သော အတာရေသဘင်ပွဲတော်က နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောပေးသွားမှာ အမှန်ပါ။ နှစ်သစ်မှအစပြုပြီး ကျန်းမာချမ်းသာဘေးရန်ကွာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ စိတ်သစ်ကိုယ်သစ် အတွေးအမြင်သစ်တွေနဲ့ နိုင်ငံနှင့် ဘာသာ သာသနာ၊ လူမျိုးအကျိုးကို ဆောင်ရွက်နိုင်ကြပါစေ။ အမှောင်ကင်းပြီး အလင်းရောင်တောက်ပနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။

**ဒေါ်နွဲ့နွဲ့စန်း ( ရုပ်ရှင်သရုပ်ဆောင် )**

မြန်မာ့နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာပြည်ကြီး အေးချမ်းသာယာပြီး ဘေးရန်ကင်းကွာ ကျန်းမာကြပါစေ။ မြန်မာရုပ်ရှင်ကို ချစ်မြတ်နိုးကြတဲ့ ချစ်ပရိသတ်ကြီးခုနစ်ရက်သားသမီးအပေါင်းကို



ဦးကြည်စိုးထွန်း



ပန်းချီစိုးမိုး



ဒေါ်နွဲ့နွဲ့စန်း



ဂီတစာဆိုဦးလွင်မြင့်

နေ့စဉ်မေတ္တာပို့သနေပါတယ်။ အမေတို့ကိုစောင့်ရှောက်ကြတဲ့ ကျေးဇူးရှင်အပေါင်းကိုလည်း မေတ္တာပို့သနေပါတယ်။ ကမ္ဘာသူ ကမ္ဘာသား အပေါင်းနဲ့မြန်မာပြည်သူအပေါင်း နှစ်သစ်မင်္ဂလာမှစပြီး နှလုံးစိတ်ဝမ်းအေးချမ်းပြီး စီးပွားဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဂီတစာဆိုဦးလွင်မြင့် (မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌ)**

မြန်မာနှစ်ဆန်းဆိုတာ နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားအားလုံးရဲ့ ထူးမြတ်တဲ့နေ့ဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုပြောင်းတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဟောင်းနွမ်းသော အညစ်အကြေးများအားလုံး ပျောက်ကွယ်ပြီး ကောင်းမွန်သောလုပ်ဆောင်မှုတွေနဲ့ သစ်လွင်တောက်ပတဲ့ နှစ်သစ်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ ပြည်သူများရဲ့ မေတ္တာကို ခံယူထားတဲ့ အနုပညာရှင်များဖြစ်တဲ့အတွက် ပြည်သူတစ်ရပ်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေ။ ကမ္ဘာသူ ကမ္ဘာသားအားလုံးလည်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော်တို့ နိုင်ငံမှာလည်း အာဃာတနဲ့ အမုန်းတရားများပျောက်ပြီး ငြိမ်းချမ်းသာယာသောနိုင်ငံကြီးဖြစ်ပါစေ။ နိုင်ငံတော်သာယာမှုနဲ့အတူ ပြည်သူအပေါင်း အေးချမ်းသာယာကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်းပို့သပါတယ်။

**တွေ့ဆုံမေးမြန်း – ညိမ်းသူ( သတင်းစဉ် )**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၁၇**

၁၃၈၅ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယတွင် နိုင်ငံသူ နိုင်ငံသားများ ဥပဒ်ဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ် အဝဝ ကင်းစင်ပပျောက်စေနိုင်ရန်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ ကျင်းပသည်။

**ကြွရောက်ချီးမြှင့်တော်မူ**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်ပူဇော်**

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် ငုရွှေဝါခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ သစ်သီး ပန်းမန်များဖြင့် ဆက်ကပ်ပူဇော်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး သြဝါဒါစရိယ ဆရာတော်၊ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ တက်ရောက်လာသည့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်ဆန်းတစ်ရက် မြန်မာနှစ်သစ်ကူးအခါသမယနေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်တော်၌ ကျင်းပသည်။

**တက်ရောက်**

ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ဇနီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့်ဇနီး၊ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ရွှေဝါငါးကြင်းကောင်ရေ ၂၇၀၀ ကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အရှင်ဂန္ဓမာလာ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များ၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဇနီး ဒေါ်ကြည်ကြည်မေ၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော် ဘဒ္ဒန္တအရှင်ဂန္ဓမာလာထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ထံ ဆွမ်းဆန်တော်၊ ဆီ၊ သကြားနှင့်တကွ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တ အရှင်ဂန္ဓမာလာထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများ ကန်တော့ပွဲ အခမ်းအနားများကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်(နှစ်ဆန်းတစ်ရက်)ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်တိုးရီနှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များတက်ရောက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီးတို့ ဦးဆောင်ကာ ရွှေဝါငါးကြင်း အကောင်ရေ ၃၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးကြသည်။

**တက်ရောက်**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ သက်ကြီးဘိုးဘွားများ ကန်တော့ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ နှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး နှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ အတူနေမိသားစုဝင် အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၇၉ ဦးတို့အနက် အခမ်းအနားသို့




တက်ရောက်နိုင်သူ အဘိုး ရှစ်ဦး၊ အဘွား ၁၀ ဦး စုစုပေါင်းအဘိုးအဘွား ၁၈ ဦးတို့ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်ကာ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်သစ်ကူး ကန်တော့ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကန်တော့ကြရာ ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အဘွားဒေါ်ခင်စန်းရီက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၇၉ ဦးတို့ကို ငွေသားအပါအဝင် အသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးပစ္စည်းများ ဂါရဝပြု လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့(မြန်မာနှစ်ဆန်းတစ်ရက်)နံနက် ၇ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။

**ကုသိုလ်ပြုလွှတ်ပေး**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်၏ ဇနီး၊ ဒုတိယ



ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်ကာ ငါးကောင်ရေ ၁၅၀၀ ကို ဇီဝိတဒါနအဖြစ် မင်္ဂလာကန်တော်တွင်းသို့ ကုသိုလ်ပြုလွှတ်ပေးခဲ့ကြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများရှိ အသက် ၇၅ နှစ်နှင့် အထက် အဘိုး ၁၁ ဦး၊ အဘွား ၂၂ ဦး စုစုပေါင်း ၃၃ ဦး အနက် တက်ရောက်နိုင်သူ အဘိုးအဘွား ၁၄ ဦးကို ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်၍ မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ နှစ်သစ်ကူး ကန်တော့ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘိုးဘွားများကို ရင်းနှီးစွာဂါရဝပြု တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားများ တက်ရောက်

**မော်လမြိုင် ဧပြီ ၁၇**

သတ္တဝါများ ဘေးအန္တရာယ်ကင်းရှင်းပြီး အသက်ရှည်စွာနေနိုင်ကြစေရန်နှင့် ရှေးအစဉ်အဆက် ပြုလုပ်လာသည့် ကောင်းမြတ်သည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၁၃၈၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဆိပ်ကမ်းသာတံတား၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ဇနီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ



တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ရွှေတောင်ကျောင်းမှ သံဃာတော်အရှင်သူမြတ် ငါးပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ရေစက်သွန်းချအမျှပေးဝေကာ လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး သထုံစခန်းမှထုတ်သော နှစ်လက်မနှင့်အထက် အရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို သံလွင်မြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ထည့်လွှတ်ကုသိုလ်ယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့များသည် တောင်ဝိုင်းဘိုးဘွားရိပ်သာတွင် ပြုလုပ်သည့် သက်ကြီးရွယ်အို ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တောင်ဝိုင်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌဦးမျိုးအောင်ကတောင်ဝိုင်းဘိုးဘွားရိပ်သာ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ကန်တော့၍ ကန်တော့ခံပစ္စည်းများ လှူဒါန်းရာ ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးနှင့် အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်





နေပြည်တော် ဧပြီ ၁၇

ပြည်သူများ ဘေးအန္တရာယ် အပေါင်းကင်းရှင်းပြီး ငြိမ်းချမ်း သာယာစေရေးအတွက် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဆရာတော်ကြီးများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

ဦးစွာ နေပြည်တော် ပုဗ္ဗသီရိ မြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စ ဝံသ အမှူးပြုသော ဆရာတော်ကြီး ခြောက်ပါးတို့က တပ်မတော် ရဟတ်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ကြသည်။

ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည် ရွတ်ဖတ်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်၊ သာသနာရေးဦးစီးဌာန မှ တာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော်ကြီးများ၏ ကပ္ပိယ ကာရကအဖြစ် လိုက်ပါ၍ ပရိတ်ရေများ ပက်ဖျန်းကုသိုလ်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်ကနေ ၁၃၈၅ ခုနှစ်ကို ကူးပြောင်းတဲ့အတာနှစ်ကူး အခါသမယမှာ အခုလိုနှုတ်ခွန်းဆက်စကား ပြောခွင့်ရတဲ့အတွက် အထူးပဲဝမ်းမြောက် ဂုဏ်ယူ ကျေးဇူးတင်မိပါတယ်။

ဒီလို နှစ်သစ်ကူး အတာသင်္ကြန် ဆိုတာဟာ မြန်မာနိုင်ငံသူနိုင်ငံသား တိုင်းရင်းသား ပြည်သူလူထု ရဟန်းရှင်လူ အားလုံးအတွက် အထူးပဲအထင်ကရ အမှတ်တရဖြစ်တဲ့ နေ့ထူးနေ့မြတ် အခါ သမယလည်းဖြစ်ပါတယ်။ မြန်မာရိုးရာ အစဉ်အလာအရ သော်လည်းကောင်း၊ ဗုဒ္ဓသာသနာတော်ရဲ့ အစဉ်အလာအရ သော်လည်းကောင်း နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းတဲ့အခါသမယမှာ နှစ်ဟောင်းက အညစ်အကြေးတွေကို သန့်စင်သော၊ ကြည်လင်သော သီတာရေနဲ့ ပက်ဖျန်းဆေးကြောရသလို နှစ်သစ် အတွက်လည်း အားမာန်တွေပြည့်ဖြိုးစေပြီး အားသစ်မာန်သစ်နဲ့ကောင်းမှုတွေ ပြုနိုင်အောင် ရည်ရွယ်သန္နိဋ္ဌာန်ချပြီး ပြုလုပ်ခဲ့တဲ့ အတာသင်္ကြန် အတာကူးတဲ့ ကာလလည်းဖြစ်ပါတယ်။

ဒီလိုအချိန်ကာလမှာ မြန်မာနိုင်ငံမှာ သမိုင်းကြောင်းနဲ့ချီပြီး ရှေးနှစ်ပေါင်း များစွာကတည်းက ဗုဒ္ဓဘာသာ သာသနာ ဝင် သံဃာတော်များနဲ့ ဗုဒ္ဓဘာသာဝင် တွေဟာ မိမိတို့ရဲ့ကုသိုလ်ရေး သံသရာ ရေးအတွက် ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပြီး ပြည်သူပြည်သားများအားလုံး ကလည်း သက်ကြီးရွယ်အိုတွေကို ဂါရဝပြု တာတွေကအစ ကောင်းမှုကုသိုလ်တွေ ပြုလုပ်ရင်း အတာသင်္ကြန်ရေနဲ့ ဆေးကြော ပြီးနှစ်သစ်ကိုကြိုဆိုကြတဲ့ ကောင်းမြတ် တဲ့ သမိုင်းဝင်အစဉ်အလာရှိတဲ့ ပွဲတော် ကြီးလည်းဖြစ်ပါတယ်။

ဒီလိုပွဲတော်မှာ မိမိတို့နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားအားလုံးဟာ လာမယ့်နှစ်သစ်မှာ အားသစ်မာန်သစ် စိတ်သစ်လူသစ်နဲ့ မိမိတိုင်း၊ နိုင်ငံ ကောင်းကျိုးအတွက် သော်လည်းကောင်း၊ ဘာသာ၊ သာသနာကောင်းကျိုးအတွက် သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုး တိုးတက်အောင် သန္နိဋ္ဌာန်တွေချပြီး နှစ်သစ်ကို ကြိုဆိုကြရမှာဖြစ်ပါတယ်။

နှစ်ဟောင်းမှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို ဖော်ထုတ်ပြီး နှစ်သစ်မှာ စိတ်သစ်ကိုယ် သစ် အားမာန်သစ်နဲ့ နိုင်ငံတော်တည် ဆောက်ရေးလုပ်ငန်းတွေနဲ့ ဘာသာ သာသနာထွန်းကားရေး ကိစ္စရပ်တွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ မြန်မာ နိုင်ငံအနေနဲ့ ငြိမ်းချမ်းသာယာဖွံ့ဖြိုး တိုးတက်သော ခေတ်မီနိုင်ငံတစ်ရပ် အဖြစ်ကို ရောက်ရှိအောင် အားလုံး ဝိုင်းဝန်းတည်ဆောက်နေကြတဲ့ အခါ သမယဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ထား တဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နဲ့ ဦးတည်ချက် (၁၂)ရပ် ပြည့်ဝအောင်မြင်ဖို့အတွက် အားလုံး အားကြိုးမာန်တက် အားသွန် ခွန်စိုက် ကြိုးပမ်းသွားကြဖို့ လိုအပ် ပါတယ်။

ဒီခေတ် ဒီအချိန် ဒီအခါမှာ မြန်မာ နိုင်ငံမှာရှိနေတဲ့ လူတန်းစားအသီးသီး၊ လူထုလူတန်းစားအားလုံးဟာ နှစ်သစ်ကို အားသစ်မာန်သစ်နဲ့ကြိုဆိုနေကြတာ ဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသား တွေဟာလည်း အတန်းသစ်ကို တက်ကြ ရမယ်၊ အထက်တန်းကျောင်းသားတွေ ကလည်း တက္ကသိုလ်ပညာတွေ တက်လှမ်း ကြရတော့မယ်၊ တက္ကသိုလ်က ဘွဲ့ရသွား တဲ့ လူငယ်လူရွယ်တွေကလည်း လုပ်ငန်း ခွင်ကို ဝင်ကြတော့မယ်။ လုပ်ငန်းခွင် မှာရှိတဲ့ ဝန်ထမ်းတွေကလည်း တစ်နှစ် ပြီးတစ်နှစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်အောင် တက်လှမ်း ကြိုးစားအားထုတ်ကြတဲ့ အခါသမယ လည်းဖြစ်တဲ့အတွက် နိုင်ငံကောင်းကျိုး သယ်ပိုးရင်း ဘာသာ၊သာသနာထွန်းကား ပြန့်ပွားရေးနဲ့ အခွန့်ရှည်တည်တံ့ခိုင်မြဲ ရေး နိုင်ငံတော်ရဲ့ ရည်မှန်းချက်တွေ အောင်မြင်ရေးအတွက် အားလုံးတက်ညီ လက်ညီ တာဝန်ကျေပွန်စွာ ထမ်းဆောင် ကြရမှာဖြစ်ပါတယ်။ ဒီလိုထမ်းဆောင်နိုင် ဖို့အတွက် အားလုံးကြိုးပမ်းပြီး စည်းလုံး ညီညွတ်စွာနဲ့ မိမိတို့ရဲ့ ရှေ့လုပ်ငန်းစဉ် တွေ၊ ဦးတည်ချက်တွေကို ပြည့်ဝအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင် ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ကမ္ဘာ့အလယ် မှာ ရင်ပေါင်တန်းနိုင်ပြီး မိမိတို့ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို စောင့်ထိန်း ထိန်းသိမ်းပြီး နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ မြင့်မားစွာ ကမ္ဘာ့အလယ်မှာ အဆင့်အတန်းမီစွာ ရပ်တည်နိုင်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်နေတဲ့ အချိန်ကာလမှာ ပြည်သူ ပြည်သားအားလုံးအနေနဲ့ အထူး ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ လိုအပ်ပါ တယ်။ ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့် မယ်လို့ ယုံကြည်မျှော်လင့်ကြောင်း ပြောကြားရင်း နှစ်သစ်ကို ဂုဏ်ယူစွာ ကြိုဆိုရင်း ပြည်သူပြည်သားအားလုံးကို နှုတ်ခွန်းဆက်စကား ပြောကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



နှစ်ဟောင်းကုန်လို့ နှစ်သစ်ရောက် တဲ့အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံ သားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပြီး နှစ်သစ်ကာလမှစတင်၍ လာမယ့်ကာလ တစ်လျှောက်လုံး မိုးလေဝသမှန်ကန်ပါစေ၊ ဆန်ရေစပါး ပေါများပါစေ၊ ရောဂါဘယ ကင်းဝေးကြပါစေ၊ မြန်မာနိုင်ငံတော်ကြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တည်ငြိမ် သာယာဝပြောပြီး ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိခံစားနိုင် ကြပါစေလို့ နှစ်သစ်ကူးဆုတောင်းစကား ပြောကြားအပ်ပါတယ်။

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ခွဲဘူ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



မြန်မာပြည်ဖွား တိုင်းရင်းသား မိဘညီအစ်ကို မောင်နှမများအားလုံးကို မင်္ဂလာနှစ်သစ်ပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်ရှင်။

နှစ်သစ်နဲ့အတူ မြန်မာနိုင်ငံသား များအားလုံး ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရရှိ ပါစေလို့လည်း ဆုတောင်းအပ်ပါတယ်။ ကျွန်မတို့ရဲ့စိတ်နှလုံးမှာ ငြိမ်းချမ်းမှု ရှိနေမှသာ ကျွန်မတို့ရဲ့လူမှုအဖွဲ့အစည်း၊ ကျွန်မတို့နိုင်ငံနဲ့အားလုံးဟာ ငြိမ်းချမ်းမှု ရှိနေမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့စိတ် နှလုံးသားငြိမ်းချမ်းဖို့အတွက် ကျွန်မတို့ တစ်ဦးချင်းစီကစလို့ တစ်ယောက်နဲ့ တစ်ယောက် ခွင့်လွှတ်ခြင်းနဲ့ ချစ်ခြင်း မေတ္တာရှိဖို့လိုပါတယ်။ တကယ်တော့ ခွင့်လွှတ်ခြင်းနဲ့ ချစ်ခြင်းမေတ္တာဆိုတာ လုပ်ဆောင်ဖို့ အင်မတန်ခက်ခဲတဲ့အရာ ဖြစ်ပါတယ်။ အမုန်းတရားနဲ့ ခွင့်မလွှတ် ခြင်းတွေကတော့ လုပ်ဆောင်ဖို့အင်မတန် လွယ်ကူတဲ့အရာတွေဖြစ်ပါတယ်။

ဒါကြောင့် မိဘညီအစ်ကို မောင်နှမ တိုင်းရင်းသားများအားလုံးကို နှစ်သစ်နဲ့ အတူ ကျွန်မတို့ရဲ့ စိတ်နှလုံးသားမှာ တစ်ယောက်နဲ့ တစ်ယောက် မိသားစု အချင်းချင်းမှာ၊ မောင်နှမအချင်းချင်းထဲ မှာ၊ အဖွဲ့အစည်းအချင်းချင်းထဲမှာ၊ ကျွန်မ တို့နိုင်ငံထဲမှာ ချစ်ခြင်းမေတ္တာနဲ့ခွင့်လွှတ် ခြင်းတရားတွေထားပြီး ကျွန်မတို့နိုင်ငံ ကို ရှေ့ဆက်သွားဖို့အရေးကြီးပါတယ်။ ဒါမှ တစ်ဦးချင်းစီ စိတ်နှလုံးမှာငြိမ်းချမ်း မှကျွန်မတို့မိသားစုတွေ ငြိမ်းချမ်းမှာဖြစ် ပါတယ်။ ကျွန်မတို့ရဲ့အဖွဲ့အစည်း၊ ကျွန်မ တို့ရဲ့ပတ်ဝန်းကျင်၊ ကျွန်မတို့ရဲ့မြို့ရွာ ငြိမ်းချမ်းမှာဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်း မှုတွေကတစ်ဆင့် တိုင်းပြည်တည်ငြိမ် တည်အေးချမ်းမှုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်လို့ ပြောကြားချင်ပါတယ်။

ဒါကြောင့် နှစ်သစ်မှာ ဆုတောင်း ချင်တာကတော့ အားလုံးငြိမ်းချမ်းကြ ပါစေ၊ အားလုံးတည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်ကြပါစေ၊ အားလုံး တစ်ယောက်နဲ့ တစ်ယောက် ချစ်ခြင်းမေတ္တာထားနိုင် ကြပါစေ၊ အားလုံး အမုန်းတရားများကို ပယ်ဖျက်ပြီး ခွင့်လွှတ်ခြင်းတရားနဲ့ ရှေ့ဆက်သွားနိုင်ကြပါစေလို့ ဆုတောင်း လိုက်ရပါတယ်ရှင်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် အဖွဲ့က သွားရောက်ဖူးမြော်

**မန္တလေး မေ ၁၇**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးရှိ မန်းတောင်ရိပ် အထွေထွေရောဂါကုသဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူသီတင်းသုံးတော်မူနေသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ ကျန်းမာရေး တိုးတက်ကောင်းမွန်နေမှုအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းတို့က မေ ၁၆ ရက် ညနေပိုင်းတွင် သွားရောက်ဖူးမြော်ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဦးစွာ ဆရာတော်ကြီးအား ဖူးမြော်ကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်အဖွဲ့ကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် အထူးကုဆရာဝန်ကြီးများက ဆရာတော်ကြီး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်နေသည့် အခြေအနေများ၊ အနီးကပ်ကြီးကြပ်ကာ စနစ်တကျဆောင်ရွက်ကုသပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆရာတော်ကြီး၏ ကျန်းမာရေး စောင့်ရှောက်မှုများနှင့်ပတ်သက်၍ အထူးဂရုစိုက်ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တိုးတက်ကောင်းမွန်**

ယခုအခါ ဆရာတော်ကြီးသည် သက်တော် (၉၄) နှစ်၊ သိက္ခာ(၇၄)ဝါ ရှိပြီး မန်းတောင်ရိပ် အထွေထွေရောဂါကုသဆောင် (ကိုးထပ် ဆေးကုသဆောင်) ငါးထပ်ရှိ အထူးသီးသန့်ခန်းတွင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



ဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးမြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော် ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း ကောင်းမှုကုသိုလ်ပြုအခမ်းအနားများ ကျင်းပ





**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော် ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း စသည့်ကောင်းမှုကုသိုလ်ပြုလုပ်သည့် အခမ်းအနားများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမနှင့်ခန်းမရှေ့တို့တွင် ယနေ့နံနက်ပိုင်းကကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့အတွင်း ရေးမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**နာယူကြည်ညို**

ဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) စလင်းဝိဘဇ္ဇဝါဒီဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာ ဘိဝံသ အမှူးပြုသော လေးပြင်လေးရပ်မှ ပင့်သံဃာ ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆွမ်းဆက်ကပ်ခြင်းအခမ်းအနားကို မြို့တော်ခန်းမ၌ ကျင်းပရာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး စလင်းဝိဘဇ္ဇဝါဒီ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော် သံဃာတော်တို့ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီးတို့က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆရာတော် သံဃာတော်များအတွက် လှူဒါန်းသည့် နဝကမ္မဝတ္ထုငွေများကို စလင်းဝိဘဇ္ဇဝါဒီ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အနုမောဒနာ တရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပြီးနောက် အရုဏ်ဆွမ်းများ ဆက်ကပ်ကြသည်။

**လောင်းလှူ**

ယင်းနောက် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းကို မြို့တော်ခန်းမရှေ့၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်) စလင်းဝိဘဇ္ဇဝါဒီ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာ ဘိဝံသအမှူးပြုသောလေးပြင်လေးရပ်မှ ပင့်သံဃာ ၁၀၈ ပါးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုနှင့်ဇနီး၊ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ မြို့မိမြို့ဖအလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြပြီး ဇီဝိတဒါနကုသိုလ်အဖြစ် ကျုံးရေပြင်အတွင်း ငါးအကောင်ရေ ၃၀၀၀၀ ကို လွှတ်ပေးကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် မန္တလေး ခုနစ်မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုနှင့် ဇနီး တက်ရောက်ဂါရဝပြုကာ အဘိုးအဘွားများအတွက် ဂုဏ်ပြုကန်တော့ငွေများ လှူဒါန်းခဲ့သည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အဖွင့်ဂုဏ်ပြုစကားပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုနှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအဘိုးအဘွားများအား ဂါရဝပြု ကန်တော့ငွေများနှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်ဇနီးတို့က ဂါရဝဂုဏ်ပြု ကန်တော့ငွေကျပ် ၁၀ သိန်း တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဂါရဝပြု ကန်တော့ငွေများနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး အဘိုးတစ်ဦးက ဆုတောင်း မေတ္တာပို့သခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော် နာယူကြည်ညိုခြင်း ရေစက်ချအခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ စမ္ပါယ်ရုံမိုးကုတ်ရိပ်သာကျောင်း ဆရာတော်ဘဒ္ဒန္တကစ္စာယန (မဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ရွတ်ပွားချီးမြှင့်**

ဆက်လက်၍ စမ္ပါယ်ရုံမိုးကုတ်ရိပ်သာကျောင်း ဆရာတော် အမှူးပြုသော သံဃာတော်များက ရွတ်ပွားချီးမြှင့်သော အန္တရာယ်ကင်း ပရိတ်တရားတော်မြတ်နှင့် အန္တရာယိက ကမ္မဝါများကိုနာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စမ္ပါယ်ရုံဆရာတော်ထံမှ ရေစက်ချနှင့် အနုမောဒနာတရား နာယူကြည်ညိုပြီး ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၏ မြန်မာ့နှစ်သစ်ကူးဆုတောင်းစကားသံများ

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၏ နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သစကားသံများကို တွေ့ဆုံမေးမြန်း ဖော်ပြအပ်ပါသည်-

တွေ့ဆုံမေးမြန်း၊ ဓာတ်ပုံ-ကိုကိုဇော် (MNA)


ဦးဝဏ္ဏ


ဦးဇော်ဇော်နိုင်


ဒေါက်တာစိုင်းကျော်မြင့်


ဦးအောင်ဇော်ဝင်း

**ဦးဝဏ္ဏ (ဗုဒ္ဓဘာသာ)**
**ဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာလူမျိုးတို့ရဲ့ နှစ်ဟောင်းကြွေပျောက် နှစ်သစ်ရောက်တဲ့အခါသမယမှာ သွေးသားရင်းချာ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ၊ နိုင်ငံသူ နိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေအားလုံး မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။ မြန်မာနိုင်ငံအတွင်း အမုန်းစကား၊ အမုန်းတရားတွေ ပယ်ပျောက်ကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြပြီး နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေလို့ မေတ္တာပို့ဆုတောင်းအပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးဟာ လူမျိုးမတူ၊ ဘာသာမတူ၊ အယူအဆမတူကြသူတွေ မေတ္တာတရားကို အခြေခံထားကာ အမိမြန်မာနိုင်ငံတော်ကြီးရဲ့ အလံတော်အောက်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် အထူးပဲ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ မိဘပြည်သူတွေအနေနဲ့လည်း အမိမြန်မာနိုင်ငံတော်ကြီးအတွင်း အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် ကျွန်တော်တို့ အဖွဲ့ကြီးနဲ့အတူ ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ ထို့အတူ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ အမိမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားတွေအားလုံး အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာသာသနာအကျိုးကို ရွက်သယ်ပိုးနိုင်ကြပါစေ၊ ကိုးကွယ်ရာဘာသာကြီးလေးရပ်ရဲ့ တူညီသောသစ္စာတရား၊ မေတ္တာတရားများဖြင့် ကြိုဆိုကြပါလို့ နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံဟာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦးမေတ္တာထားကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာနေထိုင်ကြပါတယ်။ အခုလိုနှစ်သစ်မှာ အတွေးသစ်၊ အမြင်သစ်၊ နှစ်သစ်တွေနဲ့ ရောဂါဘယကင်းစင်ပြီးတော့ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာကာ ပြည်သူနဲ့နိုင်ငံတော် အတူတကွလက်တွဲပြီး စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်ပါစေ။

ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်ချက်နှစ်ချက်ရှိပါတယ်၊ ပထမတစ်ချက်ကတော့ မေတ္တာတရားထားပေးဖို့လိုပါတယ်၊ ဒီလိုမေတ္တာတရား များများထားပေးရင် အစစအရာရာ အောင်မြင်ပါမယ်၊ ဒုတိယတစ်ချက်ကတော့ အလုပ်များများလုပ်ဖို့ လိုပါတယ်၊ အဲဒီနှစ်ချက်ပဲ ကျွန်တော်တို့ လိုအပ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအမုန်းတရားတွေ၊ စိတ်ထိခိုက်မှုအားလုံးကို အလှူပေးလိုက်ပါ၊ နှစ်သစ်မှာ အားလုံး အတူတကွပျော်ရွှင်ပြီး ကျန်းမာချမ်းသာသုခနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဒေါက်တာစိုင်းကျော်မြင့် (ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူတိုင်းရဲ့ လူမှုစီးပွားရေးဘဝ လုံခြုံရေးအတွက် အလိုအပ်ဆုံးဖြစ်တဲ့ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာမှာ ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ တိုင်းရင်းသားလူမျိုးအပေါင်းတို့ရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုစရိုက်လက္ခဏာတွေ အားလုံးကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက် အတူတကွပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျာ။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မကောင်းမှုအညစ်အကြေးတွေအားလုံး ဆေးကြောသန့်စင်ပြီး ကောင်းမွန်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ကျွန်တော်တို့ အတူလက်တွဲ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းကာ ဆုတောင်းပေးလိုက်ပါတယ်ခင်ဗျာ။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံဟာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြတဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ တစ်ဦးနဲ့ တစ်ဦး မေတ္တာတရားရှေ့ထားပြီးတော့ သစ္စာတရားနဲ့ ချစ်ချစ်ခင်ခင်နေထိုင်ကြကာ တစ်ဘာသာနဲ့တစ်ဘာသာ၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားကြပြီး တိုင်းပြည်အေးချမ်းတည်ငြိမ်စေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ဝိုင်းဝန်းဆောင်ရွက်ကြပါစို့။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာ ရှိတယ်လို့ ကျွန်တော်တို့ အစ္စလာမ်ဘာသာလူထု ယုံကြည်ထားပါတယ်။ အခုနှစ်သစ်ကူးမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကမ္ဘာသူ ကမ္ဘာသားအားလုံး ပျော်ရွှင်ချမ်းမြေ့ပြီး နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာတွေ ပို့သလိုက်ပါတယ်ခင်ဗျာ။ ။

# စီးပွားရေးလုပ်ငန်းရှင်များ၏ မြန်မာ့နှစ်သစ်ကူးဆုတောင်းစကားသံများ


ဦးဆန်းလင်း


ဦးအောင်ထွန်း

စီးပွားရေးလုပ်ငန်းရှင်များ၏ နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သစကားသံများကို တွေ့ဆုံမေးမြန်း ဖော်ပြအပ်ပါသည်-

**ဦးဆန်းလင်း**

**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း**

၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးအခါသမယမှစ၍ မြန်မာပြည်သူ ပြည်သားအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေ၊ အလုပ်အကိုင်များ အဆင်ပြေပြီး စီးပွားဥစ္စာများ တိုးတက်ရရှိ ပိုင်ဆိုင်နိုင်ကြပါစေ၊ နိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးအောင်ထွန်း**

**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**

မြန်မာ့ရိုးရာနှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးဥပဒ်အန္တရာယ်တွေကင်းဝေးကြပါစေ၊ စား ဝတ် နေရေးကိစ္စတွေ အားလုံး အဆင်ပြေကြပါစေ၊ စီးပွားဥစ္စာများ ကြီးပွားတိုးတက်အောင်မြင်ကြပါစေ၊ နှစ်သစ်မှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

## အုတ်ဖိုမြို့၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

အုတ်ဖို ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်ဆန်းတစ်ရက်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နံနက် ၈ နာရီခွဲက သက်ကြီးပူဇော်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ကိုးဦးအား ကန်တော့ကြသည်။ မြို့နယ်ဌာနဆိုင်ရာများမှ စုပေါင်း၍ ဘိုးဘွားတစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှင့် မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မိုဒရာမင်းအားဆေး သုံးဘူးစီ လှူဒါန်းခဲ့ပြီး ဘိုးဘွားများအား ခြေသည်းလက်သည်း ညှပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ နံနက် ၅ နာရီကလည်း ဆရာတော်၊ သံဃာတော်များအား နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# ၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် မေ ၁၇

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

**ကျင်းပ**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် နှစ်သစ်မင်္ဂလာ အခါတော်နေ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် ရေစက်ချပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင်သတ်မှတ်နေရာများ၌ ကျင်းပသည်။



မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဦးစွာရွှေတိဂုံဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။



မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် မဟာဝိဇယစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း၌ ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စောင့်ရှောက်ရေး သံဃာတော်များအား စေတီတော်ရှိ အဖျောက်တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် နှစ်သစ်မင်္ဂလာ အခါတော်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းနှင့် ရေစက်ချပွဲ အခမ်းအနားကို စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဦးစီးပဓာန နာယက တိပိဋကရေ တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယောဆရာတော်) ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးမင်းလွင်က အဖွင့်မင်္ဂလာစကား ပြောကြားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နှစ်သစ် မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကရေ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့ပြင် မဟာဝိဇယစေတီတော် မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် မုဋ္ဌလိန္ဒာနဂါးမျိုးနွယ် ကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သင်္ကန်းသဖွယ် ကပ်လှူပူဇော်ထားသော နာဂစိဝရာ ပဋ္ဌပဋ္ဌိမာ မြတ်စွာဘုရား ဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ ၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ပူဇော်မှုကို ဘုရားဖူးလာ ပြည်သူများက လာရောက်ဖူးမြော် ကြည်ညိုနေသည်မှာ စည်ကားလျက်ရှိပြီး မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မဟာဝိဇယစေတီတော် လိပ်ကန်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသည့် ငါးအကောင်ရေ ငါးသောင်းကို လွှတ်ပေးကြသည်။

**ကျွေးမွေးလှူဒါန်း**

အလားတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေတွင် တည်ထားကိုးကွယ်လျက်ရှိသော ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အခမ်းအနား၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၊ ဆူးလေစေတီတော်၊ ဝရဒါဠာခာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၊ ရွှေဘုန်းပွင့်စေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားတို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တော်များ နာယူခြင်း အခမ်းအနားတို့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပကြပြီး ဘုရားဖူးလာပြည်သူများအား စေတနာရှင် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်များတွင် လမ်းအလိုက် ဆရာတော် သံဃာတော်များ ပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ကြပြီး မြန်မာနှစ်ဆန်း တစ်ရက်နေ့ ဖြစ်သည့်အားလျော်စွာဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအစရှိသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ကို ကျင်းပကြသည်ကို မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်မှာ ကောင်းမြတ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို နောင်လာ နောက်သား မျိုးဆက်များ ထိန်းသိမ်းနိုင်ကြစေရန် လက်ဆင့်ကမ်း အမွေအနှစ်ပုံရိပ်ကောင်းများပင် ဖြစ်ပေတော့သည်။

သတင်း – ဇော်မင်းလတ်

ဓာတ်ပုံ – ကိုကိုဇော်

## ဗဟန်းမြို့နယ်၌ ဇီဝိတဒါန ငါးနှင့် ငှက်လွှတ်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးနှင့် ငှက်လွှတ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးတွင် ကျင်းပသည်။

**ဇီဝိတဒါန**

ရှေးဦးစွာ အခမ်းအနားမှူးက ဆုတောင်း မေတ္တာပို့သမှု ဂါထာဖြင့် ရွတ်ဆိုဆုတောင်းမေတ္တာပို့သပြီး ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးနှင့် ငှက်များကို ကုသိုလ်ပြုဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)





ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဓာတုစယဓာတ်ပေါင်းစုစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ကုန်ဆုံး၍ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ကာလအတွင်း အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏ အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် အစပြုလေ့ရှိကြသည်။

**ကုသိုလ်ဒါနပြုလုပ်**

ထို့ကြောင့် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားစေတီ ကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေသန့်ရှင်းမှုများ ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းနှင့် စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုလုပ်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း မြန်မာနှစ်သစ်ကူး နှစ်ဆန်း တစ်ရက်နေ့ နံနက်ပိုင်းမှစ၍ ဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

**စည်ကားလျက်ရှိ**

ထို့ပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်းတောင် တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ ရန်အောင်မြင် ရွှေလက်လှဘုရား၊ သတ္တသတ္တာဟ သံဝေဇနိယလေးဌာန၊ ဖောင်တော်ချက်မစေတီ စသည့် ဘုရားစေတီများတွင် ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇီဝိတဒါနအဖြစ် ငါးနှင့်ငှက်များကို ဘေးမဲ့လွှတ်ကြခြင်းဖြင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာမပျက် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

အလားတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း သက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြုအလှူပစ္စည်းများ ထောက်ပံ့ခြင်း စသည့် ကုသိုလ်ဒါနများကို ပြုလုပ်ကြသည်။

**တရား၊ ဓမ္မသံများဖြင့် ဖုံးလွှမ်း**

ထို့ပြင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင် ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြပြီး ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အမျှပေးဝေကြရာ နေပြည်တော်ကောင်စီနယ်မြေတစ်ခွင်၌ တရား၊ ဓမ္မသံများဖြင့် ဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

သတင်း - ဂျိုင်းလော
ဓာတ်ပုံ - ကိုကိုထိန်



ကုသိုလ်တော်ဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး နှစ်သစ်အခါသမယကို ကြိုဆို

**မန္တလေး ဧပြီ ၁၇**

ယနေ့ကျရောက်သော နှစ်သစ်ကူးပြောင်းသည့် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ဘုရားစေတီပုထိုးများ၊ မြို့နယ်၊ ရပ်ကွက်များ၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသူများ၊ သီတင်းသီလဆောက်တည်ကြသူများနှင့် ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက် အရုဏ်တက်မှစ၍ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး မန္တလေးဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ ငါးကန်တွင် ဇီဝိတဒါနငါးလွှတ်ခြင်း၊ အစာကျွေးခြင်းစသည့် ကောင်းမှုအစုစုတို့ကို ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက် ကုသိုလ်ဘာဝနာပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီ၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ကျောက်စိမ်းစေတီတော်စသည့် ဘုရားများတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ စေတနာရှင်၊ အလှူရှင်များကလည်း စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှု ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြုအလှူပစ္စည်းများ ထောက်ပံ့ခြင်းစသည့် ကုသိုလ်ဒါနများကို ပြုလုပ်ကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့အတွင်းရှိ ရပ်ကွက်များ၊ လမ်းများ၊ ဓမ္မာရုံများ၌ ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ကမ္မဝါစာများ နာကြားကြပြီး နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြကာ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါသမယနေ့တွင် မန္တလေးမြို့တော်တစ်ခွင်လုံး၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။ **မောင်အေးချမ်း**

# ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ လုံခြုံရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



**တိုကျို ဧပြီ ၁၇**

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား လုံခြုံရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေးခဲ့ရာ သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများက သဘောတူညီခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ငါးနှစ်ကြာကာလအတွင်း ပထမဆုံးဆွေးနွေးပွဲကို ဆိုးလ်မြို့၌ပြန်လည် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲအတွင်းမြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်ခြင်းကိစ္စရပ်များကို တုံ့ပြန်ဆောင်ရွက်ရေးနှင့် အင်ဒို-ပစိဖိတ်ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို အဓိကထားဆွေးနွေးခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် အနာဂတ်ကာလတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများအကြား သဘောတူညီခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားသည်။

မတ်လအတွင်းက ဂျပန်ဝန်ကြီးချုပ်ကီရှီဒါနှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးတို့တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်အတွက် သဘောတူညီခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ထရာပြည်နယ်၌ အပူချိန်မြင့်တက်မှုကြောင့် ၁၁ ဦး သေဆုံး

**နယူးဒေလီ ဧပြီ ၁၇**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ထရာပြည်နယ်၌ ပြည်နယ်အစိုးရက ဆုပေးပွဲအခမ်းအနားတစ်ခုကျင်းပနေစဉ် နေ့အပူချိန်မြင့်တက်၍ အခမ်းအနားတက်ရောက်လာသူ ၁၁ ဦး အပူလျှပ်ဝေဒနာဖြင့် သေဆုံးကာ ၄၀ ကို ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါအခမ်းအနားကို ယမန်နေ့က နာဗီမွန်ဘိုင်းမြို့ရှိ မြေကွက်လပ်တစ်ခုတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပသည့်အခမ်းအနားအပြီးတွင် နေလောင်ဒဏ်ခံစားရပြီး ရေဓာတ်ခန်းခြောက်မှုနှင့်အတူ အပူဒဏ်မှတစ်ဆင့် ပင်ပန်းနွမ်းနယ်မှုခံစားရသူများကို စစ်ဆေးတွေ့ရှိရကြောင်း တာဝန်ရှိသူများက ဆိုသည်။

ယမန်နေ့အတွင်း အပူချိန်မြင့်တက်ခဲ့သောကြောင့် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ရှားရန် ဒေသခံများကို တာဝန်ရှိသူများက အကြံပေးထားသည်။ ထို့ပြင် ယခုနှစ် ဧပြီလမှ မေလအတွင်း သာမန်မဟုတ်သည့် အပူချိန်မြင့်တက်မှုများရှိလာမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတိပေးပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# ယခုနှစ်ပထမသုံးလအတွင်း တရုတ်နိုင်ငံ တိဘက်ဒေသသို့ ခရီးသွား ၂ ဒသမ ၅၅ သန်းကျော် ဝင်ရောက်

**လာဆာ ဧပြီ ၁၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ယခုနှစ်ပထမသုံးလပတ်ကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား စုစုပေါင်း ၂ ဒသမ ၅၅ သန်းကျော်ဝင်ရောက်ခဲ့ကြောင်းနှင့် ခရီးသွားဝင်ငွေ ယွမ် နှစ်ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၉၁ သန်း)ရရှိခဲ့ကြောင်း ဒေသတွင်းခရီးသွားလုပ်ငန်းဌာနက ဧပြီ ၁၇ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ တိဘက်ဒေသသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားအရေအတွက်သည် နှစ်စဉ် ၃၉ ဒသမ ၆၃ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်းနှင့် ခရီးသွားလုပ်ငန်း ဝင်ငွေသည်လည်း ၄၂ ဒသမ ၈၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာနအကြီးအကဲ ဝမ်ရှောင်တုံက ပြောကြားသည်။

တိဘက်ဒေသသည် ၂၀၂၃ ခုနှစ်အတွင်း ကျေးလက်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တိဘက်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ယခုနှစ်အတွင်း ခရီးသွား ၃၉ သန်းဝင်ရောက်ရန် ရည်ရွယ်ထားပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ယွမ် ၅၁ ဘီလီယံရရှိရန် မျှော်လင့်ထားကြောင်း ဝမ်ရှောင်တုံက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ကင်ညာနိုင်ငံက ပထမဆုံး ဂြိုဟ်တုလွှတ်တင်

**နိုင်ရိုဘီ ဧပြီ ၁၇**

ကင်ညာနိုင်ငံမှ “Taifa 1” ဟု အမည်ပေးထားသည့် ပထမဆုံးဂြိုဟ်တုကို ဧပြီ ၁၅ ရက်က အာကာသတွင်းသို့ လွှတ်တင်ခြင်းဖြင့် အာကာသစူးစမ်းလေ့လာရေးတွင် မှတ်တိုင်သစ်တစ်ခု စိုက်ထူခဲ့ကြောင်း သိရသည်။

ကင်ညာအင်ဂျင်နီယာများက တီထွင်ထားသည့် အဆိုပါကမ္ဘာမြေစူးစမ်းလေ့လာရေးဂြိုဟ်တုကို အမေရိကန်ပြည်ထောင်စု၊ ဗန်ဒန်ဘာ့ဂ်အာကာသစခန်းရှိ Falcon-9 full-thrust ဒုံးပျံပေါ်တွင် တင်ဆောင်၍ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယခု ဂြိုဟ်တုလွှတ်တင်မှုအား ရာသီဥတုပြောင်းလဲမှုကဲ့သို့သော မျက်မှောက်ခေတ် ဂေဟဗေဒဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာအာကာသသိပ္ပံကြိုးပမ်းမှုအဖြစ် တာဝန်ရှိသူများက ဖော်ပြခဲ့သည်။

အဆိုပါဂြိုဟ်တုသည် ရာသီဥတုဆိုင်ရာဖြစ်စဉ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် အကူအညီပေးနိုင်မည့် ပုံရိပ်များကို



ဖမ်းယူနိုင်မည်ဖြစ်ကြောင်း ကင်ညာအာကာသအေဂျင်စီမှ အင်ဂျင်နီယာ Alloyce Were က ပြောကြားခဲ့သည်။

အဆိုပါဂြိုဟ်တုအား လုပ်ငန်းဆောင်ရွက်နိုင်ရန် တပ်ဆင်တည်ဆောက်စရိတ် ရှီလင်သန်း ၅၀ (ဒေါ်လာ ၃၇၂၀၀၀ ခန့်) ကုန်ကျခဲ့ပြီး သစ်တောထိန်းသိမ်းရေးနှင့် မြို့ပြစီမံခန့်ခွဲရေးလုပ်ငန်းများကိုလည်း အဆိုပါဂြိုဟ်တုဖြင့် ဆောင်ရွက်စေမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် Taifa 1 သည် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ တောမီးလောင်ကျွမ်းမှုများကို စောင့်ကြည့်ခြင်းနှင့် စားရေရိက္ခာရှားပါးမှုတိုက်ဖျက်ခြင်းကဲ့သို့သော လုပ်ငန်းများတွင်လည်း အကူအညီပေးသွားမည်ဖြစ်ကြောင်း ကင်ညာအာကာသအေဂျင်စီက ဆိုသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှု မတ်လအတွင်း စံချိန်တင်မြင့်တက်

**ဆိုးလ် ဧပြီ ၁၇**

တောင်ကိုရီးယားနိုင်ငံ၏မော်တော်ယာဉ်တင်ပို့မှုသည် ပြီးခဲ့သည့်မတ်လအတွင်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဧပြီ ၁၇ ရက်တွင် ဖော်ပြခဲ့သည့် အစိုးရ၏ အချက်အလက်များအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏မော်တော်ယာဉ်တင်ပို့မှုသည် မတ်လအတွင်းက အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၂ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၄ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

မတ်လအတွင်း တောင်ကိုရီးယားနိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုသည် လစဉ် မော်တော်ယာဉ်တင်ပို့မှုများတွင် အမြင့်ဆုံးဖြစ်ပြီး ပြီးခဲ့သည့်နှစ်ဩဂုတ်လနောက်ပိုင်း ရှစ်လဆက်တိုက် တင်ပို့မှုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် မတ်လအတွင်းက မော်တော်ယာဉ်စုစုပေါင်း ၂၆၂၄၁ စီးတင်ပို့နိုင်ခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၈ ဒသမ သုည ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံအတွင်းရှိ စက်ရုံများမှ ထုတ်လုပ်သည့် မော်တော်ယာဉ်အရေအတွက်



သည် မတ်လအတွင်းက ၄၀၉၈၀၆ စီးရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူ ကာလထက် ၃၅ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာယူခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးပူဇော်ပွဲကျင်းပ



နေပြည်တော် မေ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာယူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့်ခင်ပွန်း ဒေါက်တာအောင်ကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူ**

အခမ်းအနားတွင် ပျဉ်းမနားမြို့ တံခွန်တိုင်ကျောင်း ပဓာန နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာအရှင်ဝါယမနှင့် ကိုးခန်းကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ ဓမ္မာစရိယ ဝိနယ ဝိဒူ ဘဒ္ဒန္တအာစိဏ္ဏ တို့အမှူးပြုသော သံဃာတော်များ ကြွရောက်ကြပြီး ဦးစွာ ကိုးခန်းကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံမှ ငါးပါးသီလခံယူကာ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေခြင်းနှင့် သာဓုအနုမောဒနာခေါ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်ဦးအလှူ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲအခမ်းအနားကို ဝန်ကြီးဌာန ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တွင် ကျင်းပရာ ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ခင်ပွန်း၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ရွှေဝါငါးကြင်းသားပေါက်များကို ဇီဝိတဒါနအဖြစ် လွှတ်ပေးသည်။

ညနေပိုင်းတွင် သက်ကြီးပူဇော်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့်ခင်ပွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများက ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ခံဘိုးဘွားများကို ဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် အလှူရှင်များက လှူဒါန်းသည့်ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ ကန်တော့ခံ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက နှစ်သစ်ဆုတောင်း မေတ္တာစကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**

## သထုံမြို့နယ် ဂေါ့ကျေးရွာ ရွာကြီးပိုင်း၌ နှစ်သစ်ကူးအထိမ်းအမှတ် သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပ



သထုံ မေ ၁၇

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာ ရွာကြီးပိုင်း၌ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ဂေါ့ရွာကြီးပိုင်း ရွာပိုင်အဘိုးနတ်နန်း၌ ပြုလုပ်ကြသည်။

ရှေးဦးစွာ သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက်လိုက်လံကြိုဆိုကြပြီး လူငယ်များက ခြေသည်းလက်သည်းများနှင့် ကိုယ်လက်သန့်စင်ပေးခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ အာဟာရများဖြင့် ကျွေးမွေးပြုစုခြင်းတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ ဘိုးဘွားတို့အား အပူဇော်ခံမဏ္ဍပ်၌ စနစ်တကျနေရာချထားကာ ဂေါ့ကျေးရွာအတွင်းရှိ လူငယ်၊ လူရွယ်၊ လူလတ်တို့က ကန်တော့ချီးဖြင့် ဝန်ချတောင်းပန်ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြရာ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုံးမဩဝါဒစကား ပြောကြား၍ ဆုမွန်ကောင်းများ ပေးကြသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၀ တို့အား အလှူငွေများအပါအဝင် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်တွင် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

ကျိုက်ထို မေ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက် ယနေ့နံနက် ၈ နာရီတွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျိုက်ထိုမြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အဘိုး၊ အဘွားများအား လက်အုပ်ချီမိုးကန်တော့ကြပြီး သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီအဖွဲ့နှင့် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ကန်တော့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အဘိုး ဦးစံမြနှင့် အဘွား ဒေါ်တင်လှတို့က ဆုပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဌေးလွင်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက ဝမ်းမြောက်စကားပြောကြား၍ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ဦးအောင်မင်းစိန်က အလှူငွေရရှိစာရင်းကို ဖတ်ကြားတင်သွင်းကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရပ်ကွက်၊ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၅၀ အား တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ နှင့် ကန်တော့ပစ္စည်း၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းပေးခဲ့ကြောင်း ကျင်းပရေးကော်မတီမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းသာမြို့၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးအဘိုးအဘွား ပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ




ချောင်းသာ မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့တွင် မြို့အုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးအဘိုးအဘွားပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များက မြို့အတွင်း ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်အပေါင်းမှ ကင်းဝေးစေရေးအတွက် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်မြတ်များထံ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးအဘိုးအဘွား ပူဇော်ကန်တော့ပွဲကို ဆက်လက်ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ စုပေါင်းအဖွဲ့များက သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံ သက်ကြီးဘိုးဘွားများက ဆုံးမဩဝါဒနှင့် နှစ်သစ်ဆုတောင်းများ ပြန်လည်ချီးမြှင့် ပြောကြားခဲ့သည်။

အဆိုပါ သက်ကြီးဘိုးဘွားကန်တော့ပွဲတွင် အသက်(၈၀)နှစ်နှင့်အထက် ဘိုးဘွား ၄၂ ဦးတို့ တက်ရောက်ပူဇော်ကန်တော့ခံခဲ့ကြပြီး ကန်တော့ခံသက်ကြီးဘိုးဘွားများအား ချောင်းသာမြို့ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သောဆေးဝါးများကို အခမဲ့ပေးအပ်ခြင်းများကို ပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အနာဂတ်မှာခရီးသွားဖို့ EV ယာဉ်တွေစီးကြစို့ (၂)

**မောင်စိန်ဝင်း (ညောင်ခါးရှည်)**

စပေ့အိတ်နှင့် တက်စလာကုမ္ပဏီ တည်ထောင်သူ အီလွန်မတ်နှင့် အလီဘာဘာကုမ္ပဏီတည်ထောင်သူ ဂျက်မားတို့နှစ်ဦး ၂၀၀၀ ပြည့်လွန်နှစ်များအတွင်း ထိုစဉ်က ခေတ်စားနေသည့် ဒီဘိတ်တစ်ခုတွင် တွေ့ကြသည်။ အီလွန်မတ်က အနာဂတ်ဝါဒီတစ်ဦး (Futurist) ဖြစ်ပြီး အာကာသထဲတွင် လူများသွားရောက်နေထိုင်ရန် လုံ့လပြုနေသူဖြစ်သည်။ ဒီဘိတ်တွင် အီလွန်မတ်က “ငါတို့စိတ်ကို အာကာသ Making Consciousness Multiplanetary အထိ တိုးချဲ့ဖို့ပါပဲ။ နိုင်ငံဂျီဒီပီရဲ့ တစ်ရာခိုင်နှုန်းလောက်ကို သုံးပြီး သုတေသနတွေ လုပ်ဖို့လိုတယ်။ ငါတို့ တက်စလာကနေ လျှပ်စစ်ကားတွေ ထုတ်ဖို့လုပ်နေတယ်။ ဆိုလာကို လိုအပ်လာတယ်၊ ရေရှည်တည်တံ့မယ့် စွမ်းအင်တစ်မျိုးလိုမယ်။ တရုတ်က တက်စလာကုမ္ပဏီခွဲဟာ တော်တော်အလုပ်လုပ်နိုင်တယ်၊ အဲဒါကို တကယ်ချီးကျူးတယ်။ တရုတ်ဟာ အနာဂတ်ပါပဲ”ဟု ပြောကြားခဲ့သည်။

**လျှပ်စစ်ကား ရောင်းအားအကောင်းဆုံးနေရာကို ရယူထား**

အီလွန်မတ်၏ တစ်ချိန်ကပြောခဲ့သည့် ဟောကိန်းမှန်ခဲ့သည်။ လျှပ်စစ်ကားကို တက်စလာကုမ္ပဏီက စတင်ခဲ့သော်လည်း တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် BYD က တက်စလာကုမ္ပဏီကိုကျော်ပြီး ယနေ့ကာလတွင် လျှပ်စစ်ကားရောင်းအား အကောင်းဆုံး နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ခြင်းက သက်သေခံနေသည်။ BYD (Build Your Dreams) သည် တရုတ်နိုင်ငံတွင် လျှပ်စစ်ကားများနှင့် ဘက်ထရီများထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး BYD Tang၊ BYD Han နှင့် BYD e6 အပါအဝင် မတူညီသောမော်ဒယ်များစွာ ထုတ်လုပ်နေကြောင်းတွေ့ရသည်။ ယနေ့ ရေပန်းစားလူကြိုက်များပြီး နိုင်ငံတကာအထိပေါက်နေသည့် BYD Atto 3 သည် ဘေးကင်းလုံခြုံမှုအကျိုးကျေးဇူးများစွာပါဝင်သည့် နောက်ဆုံးပေါ် 3.0e platform ပေါ်တွင် အခြေခံထားပြီး Euro NCAP စမ်းသပ်မှုတွင် 5 star အထိ Rating ရထားသည့် Subcompact Crossover SUV ကားတစ်စီးဖြစ်သည်။ Safety & Security System ပေါင်းများစွာအပြင် BYD ၏ Dikink Intelligent Connection System ကိုပါ ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။

လျှပ်စစ်သုံးယာဉ်များ၏ သမိုင်းကြောင်းကို လေ့လာပါက လောင်စာစွမ်းအင်သုံးယာဉ်များထက် စော၍ ပထမဦးစွာပေါ်ပေါက်လာခြင်းဖြစ်သော်လည်း ဘက်ထရီနည်းပညာ မဖွံ့ဖြိုးသေးခြင်း၊ လောင်စာဆီများအား ဈေးနှုန်းသက်သာစွာဖြင့် အမြောက်အမြားထုတ်လုပ်နိုင်ခြင်းတို့ကြောင့် လောင်စာဆီသုံးအင်ဂျင်ကားများကို အားပြုသုံးစွဲလာခဲ့ကြသည်မှာ နှစ်ပေါင်းတစ်ရာကျော်ရှိခဲ့ပြီးဖြစ်သည်။



ရန်ကုန်ဘူတာကြီးရှေ့ရှိ Public Charging Station ကို တွေ့မြင်ရစဉ်။

**ကမ္ဘာတစ်ဝန်း စိတ်ဝင်စားမှုမြင့်တက်လာ**

နည်းပညာခေတ်ကြီးတွင် ဘက်ထရီနည်းပညာများ တိုးတက်လာသည့်အပြင် လောင်စာဆီဈေးနှုန်းများမြင့်တက်လာခြင်း၊ လျှပ်စစ်သုံးယာဉ်များ၏ အားသာချက်များဖြစ်သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိခြင်း၊ ကနဦးဝယ်ယူစရိတ်ကြီးမြင့်သော်လည်း နေ့စဉ်အသုံးပြုရာ၌ ကုန်ကျစရိတ်သက်သာခြင်း၊ မော်တာနှင့် ဘက်ထရီသာ အဓိကအသုံးပြုထားသဖြင့် ပြုပြင်ရမှုနည်းပါးခြင်း၊ ဘက်ထရီသက်တမ်းကြာမြင့်လာခြင်း၊ အသံဆူညံမှုမရှိသဖြင့် မော်တော်ယာဉ်များကြောင့် ဖြစ်ပေါ်လာသည့် ဆူညံသံကို လျှော့ချနိုင်၍ ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်စေခြင်းနှင့် စွမ်းအင်လုံခြုံမှုရှိခြင်းတို့ကြောင့် ယခုအခါတွင် လျှပ်စစ်သုံးယာဉ်များအား ကမ္ဘာတစ်ဝန်း စိတ်ဝင်စားမှုမြင့်တက်လာကြောင်း တွေ့ရသည်။

တရုတ်နိုင်ငံတွင် Public transport ကို ၂၀၁၇ ခုနှစ်တွင် Shenzhen မြို့၌ စတင်နိုင်ခဲ့ကြောင်း သိရသည်။ ၂၀၀၉ ခုနှစ်တွင် EV City Pilot အနေဖြင့် EV ၁၃ စီးနှင့် Shenzhen မြို့တွင် စတင်ခဲ့ပြီး နှစ်နှစ်အကြာ ၂၀၁၁ ခုနှစ် ကမ္ဘာ့ကျောင်းသားအားကစားပွဲတော် ကျင်းပချိန်တွင် 200 EV Buses နှင့် 300 E taxi များကို အသုံးပြုခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် BUS ကုမ္ပဏီများကို EV ထုတ်ကုမ္ပဏီများက E busses များနှင့် battery များ ငှားရမ်းပေးခဲ့၍ အရင်းအနှီးသိပ်မများဘဲ EV buses များ ပြေးဆွဲနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် EV buses ၁၆၀၀၀၊ EV taxi ၂၃၀၀၀၊ Charging Station ၅၀၀၊ Charging Points ၅၁၀၀ ရှိလာပြီး တစ်မြို့လုံး Public transport EV ဖြစ်လာခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် Shenzhen ၌ ဌာနချုပ်ထားရှိသည့် BYD က ဂျပန်၊ ဥရောပ၊ အမေရိကန်နှင့် အခြားနိုင်ငံများရှိ မြို့ပေါင်း ၃၀၀ ကျော်သို့ EV buses များ တင်ပို့နိုင်သည်အထိ လျှပ်စစ်ကားများ၏ အခန်းကဏ္ဍမြင့်တက်လာကြောင်း တွေ့ရသည်။

**စီမံချက်များချမှတ်၍ အကောင်အထည်ဖော်**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၂ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကိုအမျိုးသားအဆင့်ဖွဲ့စည်းခဲ့ပြီး လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ လျှပ်စစ်သုံးယာဉ်အသုံးပြုမှုအတွက် အခွန်/ အခကင်းလွတ်ခွင့်များ၊ အခြားသက်သာခွင့်များ ဖော်ဆောင်ပေးခြင်း၊ လိုအပ်သည့်အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ အများသုံး Charging Stationများ တည်ဆောက်နိုင်ရေး စီမံချက်များချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

၂၀၂၂ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် လုပ်ငန်းကော်မတီ ၅ ရပ်ဖြစ်သည့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒ၊ စံချိန်စံညွှန်းနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရေးလုပ်ငန်းကော်မတီ၊ လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှု မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ အထူးသက်သာခွင့်များ ညှိနှိုင်းကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီအနေဖြင့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒကို ရေးဆွဲထုတ်ပြန်ပြီးဖြစ်သည်။ မူဝါဒ၏ မျှော်မှန်းချက်အတိုင်း ပြည်တွင်း၌ လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာအသုံးပြုနိုင်ရေး ကနဦးရှေ့ပြေးစီမံကိန်း (Pilot Project) ကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သတ်မှတ်ထားပြီး လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ဆောင်ရွက်လိုသည့်ကုမ္ပဏီများက တင်ပြသည့် အဆိုပြုလွှာများကို စိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ အများသုံး Level-3 အဆင့် Charging Station များတည်ဆောက်နိုင်ရေး၊ After Sale Services လုပ်ငန်းများကို အာမခံစနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပြီး ခွင့်ပြုပေးလျက်ရှိသည်။

ဦးဆောင်ကော်မတီသို့ ကုမ္ပဏီပိုင်ရှင်များ လာရောက်တွေ့ဆုံပြီး ဆောင်ရွက်မည့်အစီအမံများ အသေးစိတ်ရှင်းလင်းတင်ပြမှုအပေါ် စိစစ်ခွင့်ပြုပေးလျက်ရှိရာ ခွင့်ပြုချက်ရရှိသည့် ကုမ္ပဏီများက လျှပ်စစ်သုံးယာဉ်များ၊ After Sale Services၊ Charging Station တည်ဆောက်ရေးပစ္စည်းနှင့် အားသွင်း Charger များ စသည့်လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ အဆက်မပြတ်တင်သွင်းရောက်ရှိလျက် အစီအမံများအတိုင်း ဆောင်ရွက်လျက်ရှိသည်။

**အခြေခံမူ (၁၈) ရပ်ကို ချမှတ်ဆောင်ရွက်**

လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၏ မျှော်မှန်းချက်များ ချမှတ်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ **“Public Transportation အတွက် ခရီးတိုအတွင်း ပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စ်ကားများ တင်သွင်း ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောင်ရွက်ရန်”** ဟူသော လမ်းညွှန်ချက်အရအခြေခံမူ (၁၈) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အခြေခံမူ (၁၈) ရပ်တွင် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ အားပေးမြှင့်တင်ဆောင်ရွက်ရေး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှု၊ ထုတ်လုပ်မှု၊ အသုံးပြုမှု၊ တင်ပို့မှုများအတွက် အခွန်နှင့်သက်ဆိုင်သောကင်းလွတ်ခွင့်၊ သက်သာခွင့်များ ချမှတ်ပေးရန်နှင့် အခွန်မဟုတ်သော အထူးအခွင့်အရေးများ ဖော်ဆောင်ပေးရေး၊ လျှပ်စစ်သုံးယာဉ် ထုတ်လုပ်သူများအား ထောက်ပံ့မှုများ ပံ့ပိုးကူညီပေးရေး၊ လောင်စာဆီသုံးယာဉ်များထုတ်လုပ်သည့် စက်ရုံများတွင် လျှပ်စစ်သုံးယာဉ်များ ထုတ်လုပ်နိုင်သည့် နည်းစဉ်များ ထည့်သွင်းတည်ဆောက်ရေး၊ ဒေသတွင်းနိုင်ငံများနည်းတူ ရေရှည်တွင် ပြည်တွင်း လျှပ်စစ်သုံးယာဉ် ထုတ်လုပ်သုံးစွဲမှုလုပ်ငန်းများ ဈေးကွက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က လိုအပ်သောမူဝါဒများ ချမှတ်၍ ထိန်းညှိဆောင်ရွက်ရေး၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သောအခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ရေး၊ လျှပ်စစ်သုံးယာဉ်နှင့် အားသွင်းစနစ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်သက်ဆိုင်သည့် စံသတ်မှတ်ချက်များ၊ စည်းမျဉ်းများနှင့် လိုအပ်သည့် လမ်းညွှန်ချက်များကို ထုတ်ပြန်ပေးရေး၊ လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံများ တည်ဆောက်နိုင်ရေးနှင့် အသုံးပြုနိုင်ရေးတို့အတွက် လိုအပ်သည့်အမိန့်၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ပေးရေး၊ လျှပ်စစ်ဓာတ်အားဖြည့်သွင်းပေးမည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်ငန်းများအကြား ယှဉ်ပြိုင်မှုတိုးမြှင့်နိုင်ရေးနှင့် ရေ၊ နေ၊ လေနှင့် အခြားစွမ်းအင်အရင်းအမြစ်များမှရယူသည့် ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်သည့်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးဆောင်ရွက်ရေး၊

စာမျက်နှာ ၁၇ သို့ ✳

**“အမြန်လမ်းမများရှိ Charging Station များတွင် ယာဉ်ငယ် ၁၀ စီး အားသွင်းနိုင်သည့် Charger ငါးတိုင်အပြင် ယာဉ်ကြီးလေးစီး အားသွင်းနိုင်သည့် 200 Kw Charger နှစ်လုံးစီပါဝင်မည်ဖြစ်သည်။ ထို့အပြင် နေပြည်တော်စည်ပင်ရေိယာ၊ ရန်ကုန်စည်ပင်ဧရိယာနှင့် ရန်ကုန် - နေပြည်တော် အမြန်လမ်းပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၃၈ ဆိုင်တွင် 60 Kw Charger ၅၁ လုံးတပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များနှင့်ညှိနှိုင်းပြီး သတ်မှတ်နေရာအကျယ်အဝန်း၊ Transformer အနေအထားနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုစသည့် လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်၍ မေလကုန်တွင် အပြီးတပ်ဆင်ပေးသွားမည်”**

✳ စာမျက်နှာ ၁၆ မှ

လျှပ်စစ်အားဖြည့်သွင်းရုံများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပုံမှန်စစ်ဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ တီထွင်မှုနှင့် သုတေသနလုပ်ငန်းများ တိုးတက်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ ပြေးဆွဲခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို အမျိုးအစားအလိုက် သိမ်းဆည်းထားသိုသည့်စနစ် တည်ထောင်ဆောင်ရွက်ရေးနှင့် လိုအပ်ပါက အများပြည်သူအသုံးပြုနိုင်ရေး အသိပေးထုတ်ပြန်နိုင်ရေး၊ ပြည်တွင်းတွင် လျှပ်စစ်သုံးယာဉ်နှင့် ဘက်ထရီထုတ်လုပ်သည့်နည်းပညာများ လွှဲပြောင်းရရှိရေး၊ လျှပ်စစ်သုံးယာဉ်အပါအဝင် ဘက်ထရီ၊ အားသွင်းစနစ်များနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေး၊ ဘက်ထရီနှင့် အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင်လည်းကောင်း၊ ပြန်လည်အသုံးပြုရာတွင်လည်းကောင်း သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လျှပ်စစ်သုံးယာဉ်များ ပျက်စီး၍သော်လည်းကောင်း၊ သက်တမ်းကုန်၍သော်လည်းကောင်း ဖျက်သိမ်းမည်ဆိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ အစိုးရဌာနဆိုင်ရာယာဉ်များ ဝယ်ယူရာတွင် လျှပ်စစ်သုံးယာဉ်များဖြစ်စေရန် အချိန်ကာလထားရှိပြီးဆောင်ရွက်ရေး၊ အဆင့်မြင့်နည်းပညာများဖြင့် တီထွင်ထုတ်လုပ်မည့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး စသည်တို့ဖြစ်သည်။

**ပြင်ဆင်ဖွဲ့စည်းခဲ့**

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်ကဏ္ဍဖွံ့ဖြိုးလာစေရေးအတွက် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကို ဆက်စပ်ဝန်ကြီးဌာန ၁၀ ခုမှ အဖွဲ့ဝင် ၁၂ ဦးဖြင့် နိုင်ငံတော်အဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်းတွေ့ရသည်။

ဦးဆောင်ကော်မတီအနေဖြင့် နိုင်ငံတော်၏ EV ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်မူဝါဒများ ချမှတ်ခြင်း၊ လိုအပ်သည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး လမ်းညွှန်မှုပေးခြင်း၊ တင်သွင်းအသုံးပြုခြင်းမှ ရေရှည်တွင် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် အကျိုးခံစားခွင့်များ၊ အထူးအခွင့်အရေးများ၊ သက်သာခွင့်များ ဖော်ဆောင်ပေးခြင်း၊ EV ယာဉ်များတွင်ကျယ်စွာအသုံးပြုလာနိုင်ရေးအတွက် ဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်ရေး၊ လူ့စွမ်းအားနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် တာဝန်များခွဲဝေသတ်မှတ်ပြီးဖြစ်သည်။

ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုပုံဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီငါးခုကို ဖွဲ့စည်းထားရှိရာ သက်ဆိုင်ရာဝန်ကြီးဌာန ငါးခုမှ Focal အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒ၊ စံချိန်စံညွှန်းနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရေးလုပ်ငန်းကော်မတီကို စက်မှုဝန်ကြီးဌာနက လည်းကောင်း၊ လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ အထူးသက်သာခွင့်များ ညှိနှိုင်းကြီးကြပ်ရေးလုပ်ငန်းကော်မတီကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက လည်းကောင်း၊ လျှပ်စစ်သုံးယာဉ်များပြေးဆွဲ/ အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကလည်းကောင်း Focal အဖြစ်ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်နိုင်မည့်အခြေအနေ၊ အများပြည်သူသုံး Level-2 သို့မဟုတ် Level-3 Charger များ ပံ့ပိုးပေးနိုင်မည့်အခြေအနေများစသည့် အချက်အလက်အပြည့်အစုံတင်ပြရန်လိုအပ်ကြောင်း သိရသည်။

ဦးဆောင်ကော်မတီက လုပ်ငန်းဆောင်ရွက်ခွင့်ပြုလိုက်သည့် ကုမ္ပဏီများအနေဖြင့် သွင်းကုန်လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာစံချိန်စံညွှန်းအထောက်အထားစာရွက်စာတမ်းများ ပေးပို့လျှောက်ထားရာ၌ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/ မရှိကို လုပ်ငန်းကော်မတီ (၁) က စစ်ဆေးပြီး တင်သွင်းခြင်းဆိုင်ရာ အထောက်အထားများအတွက် လုပ်ငန်းကော်မတီ (၂) က စစ်ဆေးမည်ဖြစ်သည်။

သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လိုင်စင်ထုတ်ပေးမည်ဖြစ်သည်။ EV နှင့် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ တင်သွင်းလာပါက အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် အဆင်ပြေချောမွေ့စွာ ကုန်ပစ္စည်းရှင်းလင်းထုတ်ယူနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်မည်ဖြစ်ပြီး သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည့် အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ BEV ယာဉ်များ တင်သွင်းမှုအတွက် မြေပြင်တွင် ကြိုတင်မျက်မြင်စစ်ဆေးခြင်း၊ ကိုက်ညီမှန်ကန်မှုရှိပါက အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် ပစ္စည်းထုတ်ယူနိုင်ရေးဆောင်ရွက်ခြင်းတို့ကို လုပ်ငန်းစဉ်များအတိုင်း မြန်ဆန်စွာဆောင်ရွက်ပေးမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအားအသုံးပြုသည့် မော်တော်ယာဉ်များ တင်သွင်းရောက်ရှိလာပါက ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်မည်ဖြစ်ပြီး သွင်းကုန်ပါမစ်၊ သွင်းကုန်ကြေညာလွှာ သို့မဟုတ် Release Order Notification၊ အကောက်ခွန်ဖော်ပြချက်၊ ကြိုတင်ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားစသည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အထောက်အထားပြည့်စုံပါက မော်တော်ယာဉ်မှုသေအမှတ် သတ်မှတ်ပေးပြီး ဖောင်းကြွနံပါတ်ပြားဖိုးပေးသွင်း၍ ယာဉ်စစ်ဆေးခြင်း၊ ပေးသွင်းရမည့်အခငွေတွက်ချက်၍ ပိုင်ရှင်က ကနဦးမှတ်ပုံတင်ခပေးသွင်းပြီး မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။



နေပြည်တော် သပြေကုန်းဈေးရှေ့ရှိ Public Charging Station ၌ လျှပ်စစ်သုံးမော်တော်ယာဉ်တစ်စီးကို တွေ့မြင်ရစဉ်။

**လုံခြုံစိတ်ချအာမခံနိုင်သော ရင်းနှီးမြှုပ်နှံမှုစနစ်များ ဖော်ဆောင်**

လျှပ်စစ်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းသည် နည်းပညာမြင့်မားသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် လုံခြုံစိတ်ချအာမခံနိုင်သော ရင်းနှီးမြှုပ်နှံမှုစနစ်များ ဖော်ဆောင်ပေးရန် လိုအပ်သည်။ ထုတ်လုပ်မှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်သည့် ဦးစားပေးလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခွင့်ပြုခြင်းဖြင့် အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးနိုင်သည်။

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ထုတ်လုပ်လာနိုင်ရေးအတွက် ရေရှည်မျှော်မှန်းချက်ထားရှိပြီး ယင်းကဏ္ဍဖွံ့ဖြိုးလာခြင်းနှင့်အတူ ဘက်ထရီထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြန်လည်အားသွင်းနိုင်မည့် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (Charging Station) များ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမည့်သူများကို အားပေးဆောင်ရွက်ရန်ဖြစ်သည်။ နိုင်ငံတော်၏ ခေနအင်အား၊ နည်းပညာများကို အခြေခံ၍ အဆင့်အလိုက် အကောင်အထည်ဖော်သည့်စနစ်ဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ ထုတ်လုပ်မည့်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းမှတစ်ဆင့် ဝယ်ယူသုံးစွဲသူများ စိတ်ဝင်စားမှုမြင့်တက်လာပြီး ဈေးကွက်ဝေစုရရှိလာသည့်အချိန်တွင် လျှပ်စစ်သုံးယာဉ်နှင့်စပ်ဆိုင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။

လျှပ်စစ်သုံးယာဉ်များ၊ အားသွင်းစက် (Charger) များနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းထုတ်လုပ်လိုပါက သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် ဦးဆောင်ကော်မတီသို့ အဆိုပြုလွှာများ တင်သွင်းရမည်ဖြစ်ပြီး အဆိုပြုလွှာတွင် ဆောင်ရွက်လိုသည့်လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသည့်ပုံစံ၊ တင်သွင်းထုတ်လုပ်အသုံးပြုမည့်ယာဉ် သို့မဟုတ် Charger အမျိုးအစားနှင့် Brand၊ မူရင်းထုတ်လုပ်သည့် ကုမ္ပဏီနှင့် ချိတ်ဆက်မှုအခြေအနေ၊ SKD/ CKD စနစ်ထုတ်လုပ်နိုင်မှုအခြေအနေ၊ ၂၀၅၀ ပြည့်နှစ်အထိ ထုတ်လုပ်မှု Plan ဖြင့် ဆောင်ရွက်မည့် အစီအစဉ်၊ ကုန်ပစ္စည်း၏ အရည်အသွေးပိုင်းဆိုင်ရာ အာမခံမှု၊ စံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များ၊ အပိုပစ္စည်းရရှိမှုနှင့် After Sake Services အတွက်

**၁၉ နေရာရွေးချယ်ထား**

မြန်မာနိုင်ငံတွင် ဦးဆောင်ကော်မတီ၏လမ်းညွှန်မှုဖြင့် Charging Station များတည်ဆောက်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တွင် လေးနေရာ၊ ရန်ကုန်မြို့တွင် ငါးနေရာ၊ မန္တလေးတွင် ငါးနေရာနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ငါးနေရာ စုစုပေါင်း ၁၉ နေရာရွေးချယ်ထားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် ၂၀၂၃ ခုနှစ် မတ်လအတွင်း ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဟု သိရသည်။ မြန်မာနိုင်ငံ၌ ပထမဆုံး Charging Station ကို နေပြည်တော် သပြေကုန်းတွင် NPK Motor Co.,Ltd. က တည်ဆောက်ခဲ့ပြီး ၄ - ၃- ၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ Charging Station တွင် ယာဉ်ငယ် ၁၀ စီး အားသွင်းနိုင်သည့် 60Kw Charger ငါးတိုင်ပါဝင်ပြီး ကုမ္ပဏီအနေဖြင့် Charging Station အပြင် လျှပ်စစ်သုံး Taxi အငှားယာဉ်ပြေးဆွဲခြင်းလုပ်ငန်းကိုလည်း စတင် ဆောင်ရွက်လျက်ရှိသည်။

အမြန်လမ်းမများရှိ Charging Station များတွင် ယာဉ်ငယ် ၁၀ စီး အားသွင်းနိုင်သည့် Charger ငါးတိုင်အပြင် ယာဉ်ကြီး လေးစီး အားသွင်းနိုင်သည့် 200 Kw Charger နှစ်လုံးစီပါဝင်မည်ဖြစ်သည်။ ထို့အပြင် နေပြည်တော်စည်ပင်ဧရိယာ၊ ရန်ကုန်စည်ပင်ဧရိယာနှင့် ရန်ကုန် - နေပြည်တော် အမြန်လမ်းပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၃၈ ဆိုင်တွင် 60 Kw Charger ၅၁ လုံးတပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး သတ်မှတ်နေရာအကျယ်အဝန်း၊ Transformer အနေအထားနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု စသည့်လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်၍ မေလကုန်တွင် အပြီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Charging Station များ တိုးချဲ့တည်ဆောက်ရန် ကြိုတင်လေ့လာ**

ပထမအဆင့် Charger များတပ်ဆင်ပြီးပါက ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့တွင်းနှင့် အမြန်လမ်းများတွင် လျှပ်စစ်သုံးယာဉ်များ ယုံကြည်စိတ်ချစွာအသုံးပြုလာနိုင်မည့် အနေအထားသို့ စီမံဆောင်ရွက်နေကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများကို Pilot Project အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆက်လက်၍ အဓိကလမ်းမကြီးများဖြစ်သည့် ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်- ပုသိမ်လမ်း၊ ဘုရားကြီး- သထုံ - မော်လမြိုင်လမ်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ မိတ္ထီလာ-တောင်ကြီးလမ်း၊ မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း စသည့် နိုင်ငံတော်၏ အသက်သွေးကြောလမ်းမများတွင် Charging Station များ တိုးချဲ့တည်ဆောက်ရန် ကြိုတင်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာ အသုံးပြုလာနိုင်ရေးအတွက် Pilot Project အနေဖြင့် တည်ဆောက်မည့် Charging Station များသို့ လက်ရှိ ဓာတ်အားရောက်ရှိသည့်နေရာမှ ၃၃ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ရာတွင် ပေ ၁၀၀၀ နှင့် အထက်ဖြစ်ပါက ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး ပေ ၁၀၀၀ အောက်ဖြစ်ပါက သက်ဆိုင်ရာကုမ္ပဏီက တာဝန်ယူတည်ဆောက်ရမည်ဖြစ်သည်။ မိမိနေအိမ်သုံး Charger တပ်ဆင်အသုံးပြုရာ၌ လက်ရှိအသုံးပြုနေသည့် အိမ်သုံးမီတာဖြင့် နိုင်နင်းခြင်းမရှိသောကြောင့် သီးခြားအိမ်သုံးအမျိုးအစားမီတာများ လာရောက်လျှောက်ထားပါက သုံးစွဲမည့်ဝန်အားကို စိစစ်၍ အိမ်သုံးအမျိုးအစား ဓာတ်အားခနှုန်းထားဖြင့်ကောက်ခံမည့် သင့်တော်သည့်မီတာအမျိုးအစားများ အမြန်ဆုံးရရှိနိုင်ရေး တပ်ဆင်ပေးသွားမည်ဖြစ်သည်။ Charging Station များတွင် တပ်ဆင်အသုံးပြုမည့် မီတာများ၊ ထရန်စဖော်မာများ တပ်ဆင်ခွင့်တောင်းခံလာပါက ဝန်ကြီးဌာနက အမြန်ဆုံးတပ်ဆင်ဆောက်လုပ်နိုင်ရေး ခွင့်ပြုပေးသွားမည်ဟု သိရသည်။

အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ တင်သွင်း/ တင်ပို့မှုများနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်များကို ဦးဆောင်ကော်မတီက ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထောက်ခံပေးသွားမည်ဖြစ်သည့်အပြင် လျှပ်စစ်သုံးယာဉ်များကို လက်ရှိသုံးစွဲလျက်ရှိသည့် အိမ်သုံးအမျိုးအစား Charger များ အသုံးပြု၍ အိမ် သို့မဟုတ် အဆောက်အအုံများတွင်

စာမျက်နှာ ၁၈ သို့ ✦

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆၄၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၆၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၃၁,၂၃၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၁၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၆၃၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

✦ စာမျက်နှာ ၁၇ မှ

အားသွင်းမည်ဆိုပါက လက်ရှိကောက်ခံလျက်ရှိသည့် အိမ်သုံးအမျိုးအစား ဓာတ်အားခ(အလွှာ)ဖြင့်သာ ကောက်ခံသွားမည်ဖြစ်သည်။ ပုဂ္ဂလိက Charging Station များအတွက် ဓာတ်အားခနှုန်းထားကို သတ်မှတ်ထားရှိပြီးဖြစ်သော အိမ်သုံးမဟုတ်သော/ စက်မှုသုံးနှုန်းထား (အလွှာ) များအတိုင်း ကောက်ခံသွားမည်ဟုသိရသည်။

**ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထား**

လျှပ်စစ်သုံးယာဉ်များအတွက် သက်သာခွင့်၊ ကင်းလွတ်ခွင့်များ ခံစားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် သတ်မှတ်ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၂၂ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြင့် ၁-၁၀-၂၀၂၂ ရက်နေ့မှစတင်၍ ဘက်ထရီလျှပ်စစ်ကား (Battery Electric Vehicle–BEV) ကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းများနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချခြင်းတို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်သည်။ ဘက်ထရီလျှပ်စစ်ကားတွင် တပ်ဆင်အသုံးပြုသည့် ဘက်ထရီများကိုလည်း ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချခြင်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကင်းလွတ်ခွင့်ပြုနိုင်ရေး ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဟု သိရသည်။

အကောက်ခွန်ဦးစီးဌာန အနေဖြင့်လည်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများအတွက် အခွန်နှင့်ပတ်သက်သည့် သက်သာခွင့်အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂-၁၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၀/၂၀၂၂ ဖြင့် ပြည်ပမှ Completely Built Up–CBU စနစ်၊ Completely Knocked Down–CKD စနစ်နှင့် Semi–Knocked Down–SKD စနစ်တို့ဖြင့် တင်သွင်းသည့် ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle–BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသည့် အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးထားသည်။

အမိန့်ကြော်ငြာစာအရ အကျုံးဝင်သည့် Battery Electric Vehicle (BEV) အမျိုးအစားများမှာ လမ်းပေါ်တွင်မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကိုဆွဲသည့် ယာဉ်(Road tractor for Semi–trailer)၊ ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်မော်တော်ယာဉ် (Bus) (Motor Vehicle for the transport of ten or more person including the driver)၊ ကုန်တင်ယာဉ် (Truck)၊ လူစီးယာဉ် (Motor Vehicle for the transport of person)၊ သုံးဘီးတပ်ယာဉ် (လူစီး) (Three–wheeled Vehicles for transport of person)၊ သုံးဘီးတပ်ယာဉ်(ကုန်တင်) Three–wheeled Vehicles for transport of Goods)၊ လူစီးနှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle)၊ လူစီးနှစ်ဘီးတပ် လျှပ်စစ်စက်ဘီး (Electric Bicycle)၊ လူနာတင်ယာဉ်(Ambulances)၊ ထောင်ကား (Prison vans)၊ နိဗ္ဗာန်ယာဉ် (Hearses) များဖြစ်ပြီး အထက်အပိုဒ်များပါ လျှပ်စစ်သုံးယာဉ်များနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် နည်းပညာဆိုင်ရာထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ-အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ)နှင့် စက်မှုဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်း (Spare Part) များဖြစ်သည်။ အမိန့်ကြော်ငြာစာသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်မည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက်လည်း ကင်းလွတ်ခွင့်ပြုနိုင်ရေး အမိန့်ကြော်ငြာစာထုတ်ပြန်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် လျှပ်စစ်သုံးယာဉ်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုခြင်းကြောင့် မြန်မာနိုင်ငံတွင် အသုံးပြုမှုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ပမှ တင်သွင်းလာသည့် မော်တော်ယာဉ်များအပေါ် သတ်မှတ်ကောက်ခံသည့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို လျှပ်စစ်စွမ်းအားသုံး မော်တော်ယာဉ်များအတွက် ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။ ကျန်ရှိသည့် Hybrid Electric Vehicles (HEVs) Plug–in Hybrid Electric Vehicles(PHEVs) ယာဉ်များကို မူဝါဒအရ လတ်တလော Pilot Project ကာလတွင် ခွင့်ပြုထားခြင်းမရှိဘဲ ခွင့်ပြုပါက အခြားလောင်စာဆီသုံးယာဉ်များထက် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခသက်သာခွင့်ပေးရန် လိုအပ်မည်ဖြစ်သဖြင့် အဆိုပါလျှပ်စစ်သုံးယာဉ်နှစ်မျိုး၏ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ လျှော့ချသတ်မှတ်ကောက်ခံနိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားမည်ဟုသိရသည်။

**လမ်းတံတားအသုံးပြုခ ၁၀၀ ရာခိုင်နှုန်းဖြေလျှော့**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအနေဖြင့်လည်း ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၊ ဆောင်ရွက်နေသော လမ်း-တံတားများ၊ အခြားပြည်ထောင်စုလမ်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်လမ်းများ၌ လမ်း၊ တံတားများအားလုံးတွင် လျှပ်စစ်သုံးယာဉ်များ လမ်းတံတားအသုံးပြုခကို ၁- ၄- ၂၀၂၃ မှ ၃၁ - ၃ -၂၀၂၅ ရက်နေ့အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ၁၀၀ ရာခိုင်နှုန်းဖြေလျှော့ပြီး အသုံးပြုခကောက်ခံခြင်းမပြုဘဲ ဖြေလျှော့ပေးသွားမည်ဖြစ်သည်။ လျှပ်စစ်သုံးယာဉ်များ လမ်း၊ တံတားအသုံးပြုခ ကင်းလွတ်ခွင့်ပြုရေးနှင့်စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (က.ည.န)မှ ယာဉ်မှတ်ပုံတင်စဉ် လျှပ်စစ်သုံးယာဉ်ဖြစ်ကြောင်း သိသာထင်ရှားသည့်အမှတ်အသား (ကတ်ပြား) လိုင်စင်ကို တိုးဂိတ်များက စိစစ်ပြီး အသုံးပြုခကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများ အနေဖြင့် လျှပ်စစ်သုံးယာဉ်များအပေါ် ၂၀၂၃-၂၀၂၅ ခုနှစ်အထိ ကနဦးမှတ်ပုံတင်သည့်ယာဉ်များအတွက် ၁၀၀ ရာခိုင်နှုန်း ဘီးခွန်ကင်းလွတ်ခွင့်၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ အရောင်းပြခန်း၊ လုပ်ငန်းလိုင်စင်၊ ညအိပ်ရပ်နားခနှင့် ပစ္စည်းခွန်များအပေါ်၌ အခွန်အခကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သည်။

လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာအသုံးပြုလာချိန်တွင် သက်တမ်းကုန်/ ပျက်စီးဘက်ထရီများအား စနစ်တကျစီမံခန့်ခွဲရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်လာမည်ဖြစ်သည်။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီအနေဖြင့် လျှပ်စစ်သုံးယာဉ်အမျိုးမျိုးရှိဘက်ထရီထုတ်လုပ်မှုနည်းစနစ်နှင့် ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲလျက်ရှိသည်။ လျှပ်စစ်သုံးယာဉ်များတွင် အသုံးပြုသည့်ဘက်ထရီများကို စွန့်ပစ်ရာ၌ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်နိုင်ရန် Lithium Battery Waste Management System သည် အရေးကြီးကဏ္ဍတစ်ခုဖြစ်လာသည်။ Recycling Process အသုံးပြုရန်ပါဝင်သည့် Metals & Materials များကို တည်ဆဲသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွဲခြားထုတ်ယူနိုင်ရေးအတွက် Lithium Battery Waste Management လုပ်ငန်းစဉ်များ၊ တည်ဆဲသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ Lithium Battery Waste Management System မူဝါဒရေးဆွဲရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**လျှပ်စစ်သုံးယာဉ်များအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

လျှပ်စစ်သုံးယာဉ်အမျိုးမျိုး၊ ဘက်ထရီလဲလှယ်သည့် ပစ္စည်းကိရိယာများနှင့် ဘက်ထရီအားသွင်းခြင်းကို ထောက်ပံ့ပေးမည့် ဘက်ထရီဆိုင်ရာ အခြေခံပစ္စည်းများ စသည်တို့ကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ၊ ဘက်ထရီထုတ်လုပ်မှုနည်းစနစ်နှင့် ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စနစ်တကျဖြစ်လာစေရေးအတွက် ဆက်စပ်ဌာနများ၊ လုပ်ငန်းများ၊ တက္ကသိုလ်ကောလိပ်များ၊ သက်မွေးသင်တန်းကျောင်းနှင့် အခြေခံပညာကျောင်းများတွင် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများနှင့် စာတမ်းများပြုစုခြင်း၊ နည်းပညာပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေခြင်း စသည့်နည်းလမ်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်သုံးယာဉ်များအခန်းကဏ္ဍသည် ပတ်ဝန်းကျင်နိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကျမ်းကိုး**

- **EV နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို အများပြည်သူသိရှိနိုင်ရေး စကားဝိုင်းဆွေးနွေးပွဲ**
- **EV MYANMAR အင်တာနက်ဝက်ဘ်ဆိုက်**

## မြန်မာနှစ်ဆန်းတစ်ရက်နေ့ တောင်ကြီးမြို့၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

**တောင်ကြီး ဧပြီ ၁၇**

၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက် ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ သက်ကြီးပူဇော်ပွဲကို ကျင်းပခဲ့သည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက အဘိုး၊ အဘွားများအား ကန်တော့ပစ္စည်းများ ပေးအပ်ကြပြီး ရှမ်းရိုးမ ဘိုးဘွားရိပ်သာမှ အသက် ၉၅ နှစ်ရှိ အဘွားဒေါ်သင်းမြိုင်က ဆုတောင်းမေတ္တာစကား ပြောကြားခဲ့သည်။

**အဘိုးအဘွား ၅၀၉ ဦး**

သက်ကြီးအဘိုးအဘွားပူဇော်ပွဲ၌ အသက် ၈၅ နှစ်အထက် အဘိုး ၃၇ ဦး၊ အဘွား ၂၉ ဦး တက်ရောက်ကန်တော့ခံ၍ တောင်ကြီးမြို့ပေါ် ၂၂ ရပ်ကွက်ရှိ အသက် ၈၅ နှစ်အထက် အဘိုး ၁၇၂ ဦး၊ အဘွား ၃၃၇ ဦး စုစုပေါင်း ၅၀၉ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ကြက်ခြေနီအဖွဲ့က စောင်၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်များ၊ ရှမ်းရိုးမ ဘိုးဘွားရိပ်သာက နှစ်ထပ်စောင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ဆေးဝါးငါးမျိုးတို့ကို လှူဒါန်းခဲ့ကြကြောင်း၊ ယနေ့ လှူဒါန်းမှုတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၉၄၃၂၄၀၀ ဖြစ်ကြောင်းနှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဧပြီ ၁၇**

၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ကယားပြည်နယ် အစိုးရအဖွဲ့ကကြီးမှူး၍ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွား ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက် ၁၀နာရီက လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၅၅ ဦးအား ပူဇော်ကန်တော့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်၍ အဘိုး အဘွားများအား လှူဒါန်းပစ္စည်းများနှင့် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ဆေးဝါးများ ပံ့ပိုးပေး**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အဘိုးအဘွားများအားပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆိုင်ရာများ စစ်ဆေးပေး၍ အာဟာရဖြည့်အားဆေးနှင့် လိုအပ်သောဆေးဝါးများ ပံ့ပိုးပေးသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ကယားပြည်နယ်အတွင်းရှိ အဘိုး၊ အဘွား ၁၅၆ ဦးတို့အား တာဝန်ရှိသူများက ဆက်လက်၍ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ် လှူဒါန်းသွားမည်ဖြစ်ပြီး ယနေ့လှူဒါန်းသည့် ပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားမှာ စုစုပေါင်း ၂၁၁ ဦးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ၊ စုပေါင်းသွေးလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၇**

၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ နှစ်စဉ်မပျက်



ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲ၊ စုပေါင်း သွေးလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့် ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးကောင်ရေ တစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲကို ရပ်ကွက်နေပြည်သူများ၊ ယိမ်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များနှင့်အတူ ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားပြည်သူ့ဆေးရုံ၌ ပြုလုပ်သည့် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်အားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် မြို့တော်ခန်းမ၌ကျင်းပသည့် အသက် ၈၀ နှင့်အထက် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ပြီး အဘိုးအဘွား ၁၀၈ ဦးကို ပူဇော်ကန်တော့ကြကာ အဘိုးအဘွားများအား အသုံးအဆောင်ပစ္စည်းများနှင့် ငွေသားများကိုလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ဘိုးဘွားများအား ထောက်ပံ့ငွေများကိုလည်းကောင်း ဂါရဝပြု လှူဒါန်းပူဇော်ကန်တော့ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့တော်ခန်းမ၌ ကျင်းပသည့် အန္တရာယ်ကင်းပရိတ်တရားတော်နာနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား တက်ရောက်

**မုံရွာ ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၊ အဆိုတော်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်အခါသမယ မြန်မာတို့၏ ရိုးရာအစဉ်အလာဖြစ်သော သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က သက်ကြီးဘိုးဘွားများအား ဂါရဝတရားဖြင့် ရှိခိုးကန်တော့၍ အသက်အကြီးဆုံးအဘိုး ဦးသောင်းရွှေ ၈၈ နှစ်နှင့် အသက်အကြီးဆုံးအဘွား ဒေါ်အုံး ၁၀၅ နှစ်တို့အား အာမိသပူဇာပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၊ အဆိုတော်များနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီးအဘိုး အဘွား ၇၀ တို့အား အာမိသပူဇာပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အဘိုး အဘွားများကိုယ်စား အဘိုးဦးအေးက ဆုတောင်းမေတ္တာပို့သခြင်းနှင့် ဝမ်းမြောက်စကား ပြန်လည်ပြောကြားကာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန့်တော့၍ အခမ်းအနားကို ရုတ်သိမ်းခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၊ အဆိုတော်များသည် မုံရွာမြို့ ကန်သာယာကန်တွင် ကျင်းပသော မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နှစ်လက်မနှင့်အထက် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ထိုင်းငါးခုံးမကောင်ရေ နှစ်သိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေ သုံးသိန်းအား ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အမြို့မြို့အနယ်နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ



**ထန်းတပင်(ရန်ကုန်) ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် တဝရွှေဂူကြီးဘုရားသီရိမင်္ဂလာကန်တော်တို့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်ရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၉ ဦးတို့အား ဂါရဝပြု လှူဒါန်းပူဇော်ကန်တော့ကြသည်။

ထို့နောက် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို တဝရွှေဂူကြီးဘုရားသီရိမင်္ဂလာကန်တော်တွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးသားပေါက်ကောင်ရေ ၇၅၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



**ဘီးလင်း ဧပြီ ၁၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာအခမ်းအနားတက်ရောက်လာကြသူများက သက်ကြီးဘိုးဘွားများအား လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ယင်းနောက် အသက် ၈၀ နှင့်အထက် ဘိုးဘွား ၂၇၀ တို့အား တစ်ဦးလျှင်အလှူငွေကျပ်နှစ်သောင်းစီနှင့် အသုံးအဆောင်ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**ဘီးလင်း(ပြန်/ဆက်)**



**ကျောင်းကုန်း ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ဒါးကမြစ်အတွင်းသို့ ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းက ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဒါးကမြစ်အတွင်းသို့ တစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ နှစ်သောင်း ဇီဝိတဒါန စုပေါင်းငါးလွှတ်ခဲ့ကြောင်း သိရသည်။ **ကျောင်းကုန်း(ပြန်/ဆက်)**

**ကွမ်းခြံကုန်း ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သက်ကြီးဘိုးဘွားများပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပူဇော်ပွဲတွင် ကွမ်းခြံကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့် တာဝန်ရှိသူများက ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် သုံးသောင်းစီဖြင့် မြို့ပေါ်ရပ်ကွက်(၇)ရပ်ကွက်မှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၃၅ ဦးအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာ ဖလန်းဘုန်းကြီးကျောင်းရှေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပရာ အမှတ်(၁) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရဲကျော်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၄၀၀၀ နှင့် ငါးခုံးမကောင်ရေ၆၀၀၀ စုစုပေါင်း ၁၀၀၀၀ ကို ကွမ်းခြံကုန်းချောင်းအတွင်းသို့ ကုသိုလ်ပြုလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(IPRD)**



**ကော့သောင်း ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့တွင်ကျင်းပသည်။

ဇီဝိတဒါနငါးလွှတ်ပွဲကို မြို့မတံတားတွင်ပြုလုပ်ရာ စစ်ဗျူဟာ (အခြေချ) ကော့သောင်း စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်သက်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ပင်လယ်တွင်းသို့ ငါးနှင့် ကဏန်းများအား ဇီဝိတဒါန လွှတ်ပေးကြသည်။

ယင်းနောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ပြည်တော်အေးသာသနာ့ဗိမာန်တော်တွင် ကျင်းပရာ ကော့သောင်းမြို့ပေါ်ရပ်ကွက် (၁၀) ရပ်ကွက်မှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၁၉ ဦး တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့ပေါ်ရပ်ကွက် (၁၀) ရပ်ကွက်မှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၁၉ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ ကန်တော့ခံပစ္စည်းဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





**သထုံ ဧပြီ ၁၇**

မွန်ပြည်နယ် သထုံမြို့၌ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်းကို ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် သတ်မှတ်နေရာ၌ ကျင်းပသည်။

ဦးစွာ သထုံမြို့ တံတားဖြူချောင်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူတို့က တံတားဖြူချောင်းအတွင်းသို့ ငါးလုပ်ငန်းစခန်း(သထုံ)မှ မွေးမြူထုတ်လုပ်သည့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀ ကို ဇီဝိတဒါနလွှတ်ပေးကြသည်။

ဆက်လက်၍ သထုံမြို့ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သထုံမြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၁၀ တို့အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကန်တော့ကြကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**



**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီက လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ပူဇော်ကန်တော့ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူနှင့် တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ဘိုးဘွားတစ်ဦးလျှင် အလှူငွေ နှစ်သောင်းနှုန်း၊ ဆေးပစ္စည်းနှင့် လက်ဆောင်ပစ္စည်းများကို ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

**လေးမျက်နှာ ဧပြီ ၁၇**

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ငဝန်မြစ်ကူးတံတားအောက်တွင် ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်၍ ငဝန်မြစ်အတွင်းသို့ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၁၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀ တို့အား ဇီဝိတဒါနလွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မဟာသင်္ကြန် နှစ်ဆန်းတစ်ရက်နေ့တွင် မော်လမြိုင်မြို့ ရိုးဂိုးဘုရားပွဲတော်၌ ရေပက်ခံထွက်သူများ၊ စတုဒိသာ ကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

မော်လမြိုင် ဧပြီ ၁၇

မြန်မာ နှစ်ဆန်းတစ်ရက်နေ့တွင် ရေပက်ခံထွက်သူများ၊ စတုဒိသာ ကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ ကျိုက်ရိုးဂိုးဘုရား ပရိဝုဏ်အတွင်းရှိ မဏ္ဍပ်၌ ယိမ်းအကအဖွဲ့များ၊ တပင်တိုင်အကများဖြင့် ဖျော်ဖြေခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်းများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ရေပက်ခံကစားကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။



မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ ကျိုက်ရိုးဂိုး ဘုရားပွဲတော်သည် ရိုးဂိုးဘုရားအား အစွဲပြုပြီး နှစ်စဉ်မဟာသင်္ကြန်ပွဲတော်၏ နှစ်ဆန်းတစ်ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၏ ထူးခြားသော ဘုရားပွဲတော်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက လာရောက်၍ ရေပက်ခံကစားသူများ၊ ဘုရားဖူးလာပြည်သူများ၊ စတုဒိသာများဖြင့် ဧည့်ခံ ကျွေးမွေးလျက်ရှိရာ လာရောက် စားသုံးသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ ယိမ်းအက လှပျိုဖြူများ၏ ကပြဖျော်ဖြေမှုများ၊ ခေတ်ပေါ်တီးဝိုင်းမှ တေးသီချင်း ဖျော်ဖြေမှုများကို လာရောက် ကြည့်ရှုသူများဖြင့် အထူးများပြားလျက်ရှိပြီး နှစ်စဉ် မဟာသင်္ကြန် နှစ်ဆန်းတစ်ရက်နေ့တွင် မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ၌ အထူးစည်ကားသောနေ့အဖြစ် သတ်မှတ်ထားကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ကျိုက်မရောမြို့၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ



ကျိုက်မရော ဧပြီ ၁၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်သစ်အခါတွင် နှစ်စဉ်ကျင်းပသော (၃၄)ကြိမ်မြောက် သက်ကြီးဘိုးဘွား ပူဇော်ပွဲကို ယနေ့နံနက် ၇ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟင်္သာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ပူဇော်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများစုပေါင်း၍ မြို့ပေါ် ရပ်ကွက်များမှ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၂၅ ဦးတို့အား တစ်ဦးလျှင် အလှူငွေကျပ်သုံးသောင်းနှင့် အသုံးအဆောင် ပစ္စည်းများအား ဂါရဝပြုကန်တော့ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



# တောင်ငူမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

တောင်ငူ ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ဇီဝိတဒါန ငါးလွှတ်ပွဲကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကြီးမှူး၍ တော်ဝင်ကေတုမတီဟိုတယ်ရှေ့ ကန်တော်ကြီး၌ ယနေ့နံနက် ၉ နာရီကကျင်းပခဲ့ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခိုင်ချိုနှင့်ဇနီး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သုံးလက်မ၊ လေးလက်မ အရွယ် ငါးမြစ်ချင်းငါးကောင်ရေ ၁၀၀၀ ကို ဇီဝိတဒါနကုသိုလ်အဖြစ် ကန်တော်ကြီးရေကန်အတွင်း လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ကြီးကြပ်၍ နံနက် ၁၀ နာရီတွင် ကေတုမတီဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား နှစ်ဦးပူဇော်ကန်တော့ပွဲ ကျင်းပရာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဘိုး အဘွား ၃၃ ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# ဟင်္သာတမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲပြုလုပ်

ဟင်္သာတ ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ဟင်္သာတမြို့ ပခန်းရပ်ကွက် ဧရာဝတီမြစ်ကမ်းနားကြီးသင်္ဘောဆိပ်ကမ်းတွင် ယနေ့နံနက် ၆ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ အဖွဲ့ဝင်(၁) ဒု-ဗိုလ်မှူးကြီးနေလင်းအောင်နှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်း သားပေါက်ကောင်ရေငါးသောင်းကို ဇီဝိတဒါနကုသိုလ်ပြုလွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






# ညောင်လေးပင်မြို့၌ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲများကျင်းပ

ညောင်လေးပင် ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သင်္ကြန်ဗဟိုမဏ္ဍပ်၌ နံနက် ၇ နာရီက အန္တရာယ်ကင်းပရိတ်တရားတော်နာယူခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အောင်တော်မူစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုမန အရှင်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များအား ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ညောင်လေးပင်မြို့နယ်နှင့် ပြွန်တန်ဆာမြို့ရှိ သက်ကြီးဘိုးဘွားရိပ်သာ၌ သက်ကြီး ဘိုးဘွား ၄၇ ဦးတို့အား အလှူငွေ ကျပ် ၆၁၁၀၀၀ အား ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းနိုင်နှင့် တာဝန်ရှိသူများက လှူဒါန်းပြီး ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တဘက်နှင့် အလှူငွေများလှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် အလည်ရွာရေတံခါး၌ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၅၀၀ စုစုပေါင်း ငါးကောင်ရေ ၃၀၀၀ တို့ကို နှစ်သစ်ကူးကုသိုလ်ပြု ဇီဝိတဒါန ငါးလွှတ်ပွဲများ ကျင်းပသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်အောင်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

မြန်အောင် ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ပြည်တော်အေးဘုရားအနီး ဧရာဝတီသင်္ဘောဆိပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးအောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ကျော်နှင့် တာဝန်ရှိသူများက ဟင်္သာတငါးလုပ်ငန်းစခန်းမှ ထိုင်းငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၅၀၀၀၊ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၁၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀ ကို ဧရာဝတီမြစ်အတွင်း ဇီဝတဒါန ငါးလွှတ်ကုသိုလ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်အောင်(ပြန်/ဆက်)




# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပြည်မြို့ ခေတ္တရာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ပြည် ဧပြီ ၁၇

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို ပြည် ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဦးဆောင်သောအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ အရိုးအထူးကုဆရာဝန်ကြီးနှင့် သွားနှင့်ခံတွင်းအထူးကုဆရာဝန်များပါဝင်သော ကျန်းမာရေးဝန်ထမ်းများအဖွဲ့က အဆိုပါဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၄၁ ဦးကို သွေးပေါင်ချိန်ပေးခြင်း၊ မျက်စိစမ်းသပ်ပေးခြင်းနှင့် ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းအပါအဝင် အထွေထွေကျန်းမာရေးစစ်ဆေးကုသပေးခြင်းတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးခဲ့ပြီး ပြည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**မန္တလေး မေ ၁၇**

မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်စခန်းအသီးသီးတွင် အကျဉ်းကျခံနေရသော အကျဉ်းသား အကျဉ်းသူ ၃၁၁၅ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၇ ဦး လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၆၈ ဦး၊ အကျဉ်းသူ ကိုးဦး စုစုပေါင်း ၇၇ ဦးတို့အား မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားသည်။

ထို့နောက် လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးလူငယ်သင်တန်းကျောင်းရှိ ကျောင်းသား ၅၀ သည်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ပြီး သက်ဆိုင်ရာ မိဘ/အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်းလည်း သိရသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင် ငါးခုမှ အကျဉ်းသား အကျဉ်းသူ ၁၃၀ နှင့် ကုန်ထုတ်စခန်းများမှ အကျဉ်းသား အကျဉ်းသူ ၇၁ ဦး စုစုပေါင်း ၂၀၁ ဦး၊ တိုင်းဒေသကြီးအတွင်းရှိ လူငယ်သင်တန်းကျောင်း နှစ်ကျောင်းနှင့် အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၉၇ ဦး လွတ်မြောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**



# ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၁၅၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**တောင်ကြီး မေ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၂၈/၂၀၂၃) ဖြင့် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်၊ အချုပ်ထောင်စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေကြရသည့် နိုင်ငံသား အကျဉ်းသား အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆုံးမသြဝါဒစကားပြောကြား**

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူအကျဉ်းသား အကျဉ်းသူများအား သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားပြောကြားပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းများရှိ တာဝန်ရှိသူများက စားစရိတ်နှင့် ခရီးစရိတ်တို့ ပေးအပ်၍ စနစ်တကျလွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် ညောင်ရွှေအကျဉ်းထောင်မှ ၁၆ ဦး၊ ကျိုင်းတုံအကျဉ်းထောင်မှ ၂၀၊ လားရှိုးအကျဉ်းထောင်မှ ၁၁ ဦး အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၅၂ ဦး လွတ်မြောက်ခဲ့ကြောင်းနှင့် လွတ်မြောက်လာသူများအား မိသားစုဝင်များနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# သီပေါအကျဉ်းထောင်မှ အကျဉ်းသား သုံးဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**သီပေါ မေ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၂၈/၂၀၂၃)ဖြင့် အကျုံးဝင်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ အကျဉ်းထောင်မှ အကျဉ်းသား သုံးဦးအား ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သူများ လွှတ်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက သီပေါအကျဉ်းထောင်ရုံးခန်း၌ ပြုလုပ်သည်။



အစီအစဉ်အရ လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသားသုံးဦးအား သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး အောင်မင်း၊ ထောင်တာဝန်ခံအရာရှိဦးစိုးသီဟနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးရဲဝင့်မိုးတို့က ဆုံးမသြဝါဒစကား ပြောကြားသည်။

**စနစ်တကျလွှဲအပ်**

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားသုံးဦးအတွက် ထောင်လွတ် အမိန့်စာနှင့် ထောက်ပံ့ငွေများကို ထောင်တာဝန်ခံအရာရှိ ဦးစိုးသီဟက ပေးအပ်၍ ယင်းတို့ကို သက်ဆိုင်ရာသို့ စနစ်တကျလွှဲအပ်ပေးပြီး အကျဉ်းထောင်မှ မော်တော်ယာဉ်ဖြင့်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**၂၁၀**

# ဖျာပုံအကျဉ်းထောင်မှ အကျဉ်းသား ၁၂ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**ဖျာပုံ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား ၁၂ ဦးအား ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဖျာပုံအကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်းမ၌ ပြုလုပ်သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား ၁၂ ဦးအား ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လင်း၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်လေး၊ ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးငွေးနိုင်ဦး၊ ဖျာပုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်နိုင်အေး၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် ဖျာပုံအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးဇော်ထွန်းဦးတို့က ဆုံးမသြဝါဒစကားများ ပြောကြားပြီး ဖျာပုံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား ၁၂ ဦးအား ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

**၂၀၇**

# မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား သုံးဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မြောင်းမြ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယနေ့ နံနက် ၉ နာရီတွင် မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား သုံးဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**ဆုံးမသြဝါဒစကားပြောကြား**

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးအုန်းသိန်းတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား သုံးဦးတို့အား ဆုံးမသြဝါဒစကား ပြောကြားသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုအမိန့်အမှတ် (၂၈/၂၀၂၃) ဖြင့် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်အပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်ဆက်)**

■

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မေ ၁၇**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ကချင်ပြည်နယ်အတွင်း အကျဉ်းထောင်၊ စခန်းများမှ အကျဉ်းသား အကျဉ်းသူ ၁၂၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မြစ်ကြီးနား မေ ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ် မင်္ဂလာအခါသမယ အထိမ်းအမှတ် အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသော အားဖြင့်လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၃၁၁၅ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ် အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံရမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ ကချင်ပြည်နယ် ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းသား ၁၁၆ ဦး၊ အကျဉ်းသူရှစ်ဦး၊ တရုတ် နိုင်ငံခြားသားတစ်ဦး စုစုပေါင်း ၁၂၅ ဦးကို မေ ၁၇ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။



ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများကို ဌာနဆိုင်ရာ အဖွဲ့အစည်းများ ဖိတ်ကြား၍ ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ပြီး ကချင်ပြည်နယ်အတွင်း လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က လွတ်လူတစ်ဦးလျှင် ငွေကျပ်၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အကျဉ်းဦးစီးဌာနအနေဖြင့်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား လွတ်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်၊ လုပ်အားဆုငွေများ ပေးအပ်ခဲ့ကြောင်းနှင့် အကျဉ်းထောင်၊ စခန်းများကလည်း နေရပ်သို့ကောင်းမွန်စွာပြန်နိုင်ရေး ကားဂိတ်များသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်အတွင်းရှိ အကျဉ်းသား အကျဉ်းသူ ၈၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ဘားအံ မေ ၁၇

မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယတွင် ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် အကျဉ်းသား အကျဉ်းသူများကို စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခဲ့ရာ အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းသား အကျဉ်းသူ ၈၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ဘားအံအကျဉ်းထောင်မှ နိုင်ငံသားအကျဉ်းသား ၂၁ ဦး၊ လက္ခဏစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးအတတ်သင်စခန်းမှအကျဉ်းသား(လုပ်အားရှင်)၁၉ ဦး၊ မာလာဖူးကုန်ထုတ်စခန်းမှ အကျဉ်းသား(လုပ်အားရှင်) ငါးဦး စုစုပေါင်း ၄၅ ဦးနှင့် နိုင်ငံခြားသား ၃၈ ဦး စုစုပေါင်း ၈၃ ဦး ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။



အဆိုပါ လွတ်မြောက်အကျဉ်းသား အကျဉ်းသူများကို အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးမျိုးဌေး၊ ဘားအံအကျဉ်းထောင်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများ ပြောကြားပြီး လွတ်လက်မှတ်နှင့် ခရီးစရိတ်၊ လုပ်အားရှင်ခံစားခွင့်စရိတ်များ ပေးအပ်၍ ကတိခံဝန်ချက်လက်မှတ်ရေးထိုး စေကာ ယနေ့နံနက် ၈ နာရီခွဲခန့်တွင် လွှတ်ပေးခဲ့ရာ ၎င်းတို့၏ ဆွေမျိုး၊ မိဘ၊ ညီအစ်ကိုမောင်နှမများက ဝမ်းမြောက်ဝမ်းသာ လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းမှ အကျဉ်းသား အကျဉ်းသူ ၇၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မြိတ် မေ ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာနှစ်သစ်မင်္ဂလာအခါတွင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်း ထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ ၇၂ ဦးကို ယနေ့နံနက်ပိုင်းက လွှတ်ပေးသည်။

ထိုသို့ လွှတ်ပေးရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအနက်မှ အကျဉ်းသား အကျဉ်းသူ ၇၂ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ်သည်။



ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများအနက် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ခုနစ်ဦး၊ အကျဉ်းသူသုံးဦး၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းမှ အကျဉ်းသား ၆၂ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၇၂ ဦးတို့ကို အဆိုပါနေရာများတွင် အကျဉ်းထောင် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



## ကျိုက်မရော အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကျိုက်မရော မေ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မြန်မာနှစ်သစ်မင်္ဂလာအခါသမယတွင် ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အရ ကျိုက်မရောမြို့နယ် အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများကို ယနေ့ နံနက် ၉နာရီခွဲက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်ကျခံလျက်ရှိသည့်အကျဉ်းသား ၁၈ ဦးနှင့် အကျဉ်းသူသုံးဦး စုစုပေါင်း ၂၁ ဦးတို့ကို ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦး၊ ကျိုက်မရော အကျဉ်းထောင်မှ တာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးတို့က ဆုံးမဩဝါဒစကား ပြောကြားခဲ့ကာ ၎င်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုလွတ်ငြိမ်းခွင့်ပြုခဲ့ပြီး အကျဉ်းသား အကျဉ်းသူများကို ၎င်းတို့ ခံစားခွင့်ရရှိသည့် စားစရိတ်၊ ခရီးစရိတ်များပေးအပ်၍ သက်ဆိုင်ရာ ကားဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွန်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူ ၂၂၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မော်လမြိုင် မေ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကျဉ်းဦးစီးဌာန မွန်ပြည်နယ် ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်စခန်းများမှ အကျဉ်းသား ၂၀၂ ဦး၊ အကျဉ်းသူ ၂၂ ဦး စုစုပေါင်း ၂၂၄ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ယနေ့နံနက် ၉ နာရီက လွှတ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အကျဉ်းထောင်တာဝန်ရှိသူများ၊ အရာရှိအပါအဝင် သက်ဆိုင်ရာ နယ်မြေဒေသရှိ ခရိုင်/မြို့နယ် တာဝန်ရှိသူများတက်ရောက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။ လွတ်မြောက်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်၊ လုပ်အားဆုငွေများ ထုတ်ပေးခြင်း၊ ထမင်းထုပ်များဝေငှခြင်း၊ မော်တော်ယာဉ်များဖြင့် ကားဂိတ်နှင့်ဘူတာရုံများသို့ လိုက်လံပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ကျိုက်ထိုမြို့နယ်အတွင်းရှိ အကျဉ်းစခန်းများမှ အကျဉ်းသား အကျဉ်းသူ ၆၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကျိုက်ထို မေ ၁၇

ကျိုက်ထိုမြို့နယ်၌ မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အဖြစ် မေ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ အကျဉ်းစခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၆၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားများကို လွတ်ငြိမ်းခွင့်ပြုရာတွင် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ မုပ္ပလင် (အမျိုးသား)ကုန်ထုတ်စခန်းရှိ အစည်းဝေးခန်းမ၌ အကျဉ်းသား ၁၇ ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဘိုက ဆုံးမစကားပြောကြား၍ လည်းကောင်း၊ မုပ္ပလင် (အမျိုးသမီး) ကုန်ထုတ်စခန်း အစည်းအဝေးခန်းမ၌ အကျဉ်းသူ ၁၈ ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်းက ဆုံးမစကားပြောကြား၍ လည်းကောင်း၊ ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာ အင်္ဂဘိုရော်ဘာစိုက်ပျိုးရေးစခန်း (ရွှေဖြူ) အစည်းအဝေးခန်းမ၌ အကျဉ်းသား ၃၀ ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဦးစင်အောင်က ဆုံးမစကားပြောကြား၍ လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

ကျိုက်ထိုမြို့နယ်အတွင်း အကျဉ်းစခန်းသုံးခုရှိ အကျဉ်းသားစုစုပေါင်း ၆၅ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၂၂) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ခြင်းမင်္ဂလာ ပြုလုပ်



**နေပြည်တော် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၂၂) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ခြင်း မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ပြုလုပ်ရာ အင်းစိန်မြို့နယ် အောင်ဆန်းတပ်ဦး တောရကျောင်းတိုက် ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကြွရောက်တော်မူကြသည့် သံဃာတော်များ၊ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သဗ္ဗဓေယျအောင်ဂါထာဖြင့် ပူဇော်ကာ မျက်နှာသစ်တော်ရေ ဆက်ကပ်ခြင်း၊ သွားတော်ဒန်ပူတိုက်ခြင်းနှင့် အနေကဇာတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် လှူဒါန်းခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား ဂေါပကအဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အင်းစိန်မြို့နယ် အောင်ဆန်းတပ်ဦးတောရကျောင်းတိုက် ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော်ထံမှ ရေစက်ချတရားတော်များ နာယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း (၅၉) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ပူဇော်

**စစ်တွေ မေ ၁၇**

(၅၉) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ရခိုင်ရိုးရာမင်္ဂလာစည်တော်တီး၍ ဖွင့်လှစ်ပြီး မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီစာရင်းစစ်မှူး ဦးစံညွန့်က မင်္ဂလာဩဘာ ရတုဖြင့် ရွတ်ဆိုပူဇော်ကာ မြို့လုံးကျွတ်သက်ကြီး ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမိုးရွှေက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မင်္ဂလာရှိသော နှစ်ဆန်းတစ်ရက်နေ့တွင် လူကြီး၊ မိဘ၊ သက်ကြီးရွယ်အိုများကို ရိုသေခြင်း၊ နေရာပေးခြင်း၊ ပြုစုခြင်း၊ ပူဇော်ကန်တော့ခြင်းတို့သည် ဗုဒ္ဓဘာသာတို့၏ ကောင်းမြတ်သော အစဉ်အလာကို ထိန်းသိမ်းခြင်းဖြစ်ကြောင်း နှစ်သစ်ကူးကာလတွင် ယနေ့ပြုလုပ်သည့် ကုသိုလ်ကောင်းမှုကြောင့် အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ ကပ်သုံးပါးမှ ကျော်လွှားနိုင်ကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေဟု နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်က သက်ကြီး အဘိုး၊ အဘွားများအတွက် လှူဒါန်းငွေကျပ် ၂၂ သိန်း လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ဆွေဆွေမြတ်အမှူးပြုသော ဧည့်ပရိသတ်များက အဘိုး အဘွားများအား လက်အုပ်ချီမိုး ဦးချပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သက်ကြီးအဘိုး အဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြကာ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကော်မတီနှင့် အလှူရှင်၊ စေတနာရှင်များက အဘိုး အဘွားများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

စစ်တွေမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီက ယနေ့ခန်းမအတွင်းသို့ လာရောက်အပူဇော်ခံ အဘိုး အဘွား ၇၀ ကို ပူဇော်ကြပြီး ရပ်ကွက်အသီးသီးရှိ အဘိုး အဘွားများကိုလည်း လှည့်လည်ပူဇော်သွားမည်ဖြစ်သည်။ စစ်တွေမြို့၌ ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီက အသက် ၈၀ နှင့်အထက် အဘိုး အဘွားများ စုစုပေါင်း ၁၀၇၃ ဦးကို ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■



# (၁၈)ကြိမ်မြောက် သင်္ကြန်ကာလ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

(၁၈) ကြိမ်မြောက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ရုံးအမှတ် (၃၅) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် ပျဉ်းမနားမြို့ မြို့မစမ်းမြိုင်ကျောင်းတိုက်သစ်ဆရာတော် ဦးဇိနောဒယမထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးမိဘ/ ဘိုးဘွားများကို အဘိုးတစ်ဦးလျှင် ပုဆိုးတစ်ထည်နှင့် လှူဒါန်းငွေကျပ် ၅၀၀၀၀၊ အဘွားတစ်ဦးလျှင် ထဘီ တစ်ထည်နှင့် လှူဒါန်းငွေကျပ် ၅၀၀၀၀ တို့ကို ဌာနအလိုက် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းလှမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**မင်းလှ မေ ၁၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ထန်းပင်ကုန်းကျေးရွာအုပ်စု မြစ်မမြစ်အတွင်း ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ မေ ၁၇ ရက် နံနက် ၈ နာရီက ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပသည်။

အဆိုပါ ငါးလွှတ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများစုပေါင်း၍ ငါးမြစ်ချင်း ၂၅၀၀၊ ထိုင်းငါးခုံးမ ၂၅၀၀ စုစုပေါင်း ကောင်ရေ ၅၀၀၀ ကို မြစ်မမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည့်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၄-၄-၂၀၂၃ ရက်နေ့မှအဆက်)

**ဘုရားထံသို့လာကြသော သူဌေးကြီးသုံးဦး အကြောင်း**

ကောသမ္ဗီပြည်၌ တန်ခိုးအလွန်ကြီးမားသော ဥတေနမင်းကြီး အုပ်ချုပ်စဉ်အခါက အလွန်ချမ်းသာ ကြွယ်ဝသော သူဌေးကြီးသုံးဦးရှိသည်။ ၎င်းတို့ အမည်မှာ (၁) ဃောသက၊ (၂) ကုက္ကုဋ္ဌ၊ (၃) ပါဝါရိက တို့ဖြစ်ကြသည်။ ၎င်းသူဌေးသုံးဦးသည် သူငယ်ချင်း ဖြစ်၍ တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်ကြသည်။ ၎င်းတို့သုံးဦးသည် (ဘုရားရှင် မပွင့်မီ) ကာလ၌ ရသေ့ငါးရာကို လှူဒါန်းပြုစုထားလေသည်။ ရသေ့တို့သည် မိုးလေးလ၌ ယင်းသူဌေးကြီးသုံးဦးတို့ထံတွင် နေကြပြီး ကျန်ရှစ်လ၌ ဟိမဝန္တာသို့သွား၍ နေကြလေသည်။



ဤသို့ဖြင့် ရသေ့တို့သည် နှစ်ပေါင်းကြာမြင့်စွာ ကောသမ္ဗီပြည်နှင့် ဟိမဝန္တာသို့ လူးလာခေါက်ပြန် သွားနေသည်။ ဤသို့သွားနေရာ၌ တစ်နေ့သောအခါ ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့ လာစဉ် ခရီးကန္တာရအဆုံး၌ ညောင်ပင်ကြီးတစ်ပင်ကို တွေ့သည်။ ၎င်းတို့သည် မောပန်း၍ ရေငတ်နေကြပါသည်။ ၎င်းတို့သည် ယင်းညောင်ပင်ကြီးကို တွေ့သောအခါ ရက္ခစိုးနတ်မင်းရှိရမည်။ ထိုနတ်မင်းမှ သူတို့အား သောက်ရေသုံးရေပေးပါမူ ကောင်းလေစွဟု ကြံစည်စိတ်ကူးမိကြလေသည်။ ထိုအခါ နတ်မင်း (ညောင်ပင်စောင့်)သည် ၎င်းတို့၏အကြံ အစည်ကိုသိ၍ ညောင်ခွကြားမှ ရေများယိုစီးစေသည်။

**"နတ်မင်းကလည်း သာဝတ္ထိပြည်၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အလွန်ကြည်ညိုသော အနာထပိဏ်သူဌေးအိမ်တွင် ဆင်းရဲသားလုပ်သားတစ်ဦး ဖြစ်ခဲ့ဖူးကြောင်း၊ တစ်နေ့ ဥပုသ်နေ့တွင် သူဌေးကြီးနှင့် ကျွန်အားလုံးသည် ဥပုသ်စောင့်နေကြသည်။ သူသည် တောထဲ အလုပ်လုပ်ရာမှ ပြန်လာခဲ့ရာ ၎င်းတို့ ဤသို့လုပ်နေသည်ကိုသိရ၍ သူလည်း ထမင်းမစားဘဲ နေ့ဝက်ဥပုသ်စောင့်သည်။ အစာမရှိ၍ လေပူများထကာ ရောဂါခံရပြီး သေဆုံးခဲ့ကြောင်း၊ ဤသို့ အနည်းငယ်သော ဥပုသ်စောင့်ခြင်း၏ ကုသိုလ်ကံဖြင့် ဤစည်းစိမ်ကိုခံစားရကြောင်း ပြန်ပြောလေသည်"**

ရသေ့တို့သည် ညောင်ပင်ခွကြားမှကျသော ရေတို့ကို ခံပြီးသောက်ကြသည်။ ထို့နောက် ရသေ့တို့သည် ဤနေရာက ရွာနှင့် မနီးမဝေးဖြစ်နေသည်။ အစားအသောက်များကို ပေးလှူပါက ကောင်းလေစွဟု ကြံကြပြန်သည်။ နတ်မင်းကလည်း ဘောဇဉ်တို့ကို ပေးကပ်လှူဒါန်းသည်။ ဘောဇဉ်များကို စားသောက်ပြီးနောက် ရသေ့တို့သည် နတ်မင်းတို့ ကိုယ်ထင်ပြပါမူ ကောင်းလေစွဟု ကြံစည်ကြပြန်သည်။ နတ်မင်းလည်း ကိုယ်ထင်ပြလေသည်။ ရသေ့တို့သည် ကိုယ်ထင်ပြသော နတ်မင်းအား နတ်မင်းနေသည့်စည်းစိမ်ကား ကြီးမားလှပါတကားဟူ၍ ချီးကျူးကြလေသည်။ ဤသို့သော ကြီးကျယ်ခမ်းနားသည့်စည်းစိမ်ကို ဘယ်သို့သောကံကြောင့် ရပါသလဲဟူ၍ မေးလေသည်။

နတ်မင်းကလည်း သာဝတ္ထိပြည်၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အလွန်ကြည်ညိုသော အနာထပိဏ်သူဌေးအိမ်တွင် ဆင်းရဲသား လုပ်သားတစ်ဦးဖြစ်ခဲ့ဖူးကြောင်း၊ တစ်နေ့ ဥပုသ်နေ့တွင် သူဌေးကြီးနှင့် ကျွန်အားလုံးသည် ဥပုသ်စောင့်နေကြသည်။ သူသည် တောထဲ အလုပ်လုပ်ရာမှ ပြန်လာခဲ့ရာ ၎င်းတို့ ဤသို့လုပ်နေသည်ကိုသိရ၍ သူလည်း ထမင်းမစားဘဲ နေ့ဝက်ဥပုသ်စောင့်သည်။ အစာမရှိ၍ လေပူများထကာ ရောဂါခံရပြီး သေဆုံးခဲ့ကြောင်း၊ ဤသို့ အနည်းငယ်သော ဥပုသ်စောင့်ခြင်း၏ ကုသိုလ်ကံဖြင့် ဤစည်းစိမ်ကို ခံစားရကြောင်း ပြန်ပြောလေသည်။

ရသေ့တို့က နတ်မင်းအား ဘုရား၊ တရား၊ သံဃာဟုဆိုသည့်စကားကြောင့် ဤလောက၌ ဘုရားပွင့်တော်မူပြီလားဟူ၍ မေးလေသည်။

နတ်မင်းကလည်း ဘုရားရှင်သည် ယခု သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသည်ဖြစ်ကြောင်း ပြောပြသည်။

ရသေ့တို့သည် ဝမ်းသာအားရဖြစ်ပြီး ဘုရားထံသို့သွားမည်ဟု ဆုံးဖြတ်ကြကာ ကောသမ္ဗီပြည်သို့ သွားလေသည်။ သူတို့သည် သူတို့၏ ကျေးဇူးရှင်ဖြစ်သည့် သူဌေးကြီးသုံးဦးထံသို့ သတင်းပို့ပြီးမှ သွားမည်ပြု၍ သူဌေးကြီးများထံသို့ သွားကြလေသည်။ သူဌေးကြီးသုံးဦးကလည်း ရသေ့များအား ခရီးဦးကြိုပြုပြီး နောက်တစ်နေ့နံနက်၌ ဆွမ်းကပ်လေသည်။

ဆွမ်းစားပြီးသောအခါ သူဌေးကြီးတို့သုံးဦးအား ဤလောက၌ ဘုရားပွင့်ပြီဖြစ်ကြောင်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသည်ကိုသိ၍ သူတို့သွားကြမည်ဖြစ်ကြောင်း ပြောလေသည်။ သူဌေးကြီးသုံးဦးကလည်း သူတို့လည်းလိုက်လိုကြောင်းပြောသော် ရသေ့များက သူတို့ရှေ့က သွားရောက်ဖူးမြော်မည်။ နောက်မှ ဆက်လိုက်လာရန် ပြောကြားလေသည်။

ရသေ့တို့သည် ဘုရားထံသို့ သွားကြသည်။ ဘုရား၏တရားတော်ကို နာကြားပြီး ၎င်းတို့အားလုံး ရဟန္တာဖြစ်သွားကြသည်။ သူဌေးကြီးသုံးဦးကလည်း လှူဖွယ်ပစ္စည်းများကို လှည်းပေါ်တင်၍ ဘုရားထံသို့လာကြသည်။ သူတို့လည်း ဘုရားထံသို့ ရောက်သော် တရားနာပြီး သောတာပန်များ ဖြစ်သွားကြလေသည်။ သူတို့သည် နောက်တစ်နေ့၌ ၁၅ ရက်တိုင် ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းကပ်ကြလေသည်။ ၎င်းတို့သုံးဦးကလည်း ဘုရားရှင်အား ကြည်ညိုလှသဖြင့် သူတို့နေသော ပြည်သို့ ကြွရောက်ပါရန် လျှောက်ကြလေသည်။ ဘုရားရှင်က သူတို့အား ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်သည်ဖြစ်ကြောင်း မိန့်ကြားသည်။ ၎င်းတို့ကလည်း သူတို့သိပြီဖြစ်ကြောင်း သာဝတ္ထိပြည်မှ ထွက်လာကြလေသည်။ တစ်ယူဇနာ ရောက်တိုင်း ကျောင်းဆောင်တစ်ဆောင်စီ ဆောက်လုပ်၍ ကောသမ္ဗီပြည်သို့ ပြန်သွားကြသည်။

သူဌေးသုံးဦးတို့သည် ဤလောက၌ ဘုရားရှင်ပွင့်ပြီဟူ၍ပြောပြီး သူတို့၏ဥယျာဉ်အသီးသီးတွင် ကျောင်းတိုက်ကြီးသုံးတိုက် ပစ္စည်းဥစ္စာများ အကုန်ခံကာ ဆောက်လုပ်သည်။ ဤသို့ဖြင့် ဆောက်လုပ်သူ သူဌေးများ၏အမည်ကို အစွဲပြုပြီး "ဃောသိတာရုံ၊ ကုက္ကုဋ္ဌာရုံ၊ ပါဝါရိကာရုံ"ဟူ၍ အမည်ပေးလေသည်။ သူတို့သည် ယင်းကျောင်းတိုက်များ ဆောက်လုပ်ပြီးစီးသောအခါ ကောသမ္ဗီပြည်သို့ ဘုရားရှင် ကြွရောက်ချီးမြှင့်ပေးရန် ဘုရားထံသို့ တမန်လွှတ်၍ ပင့်လျှောက်ထားလေသည်။

## မာဂဏ္ဍီပုဏ္ဏားလင်မယား ရဟန်းပြုခြင်း

ဘုရားရှင်သည် ကောသမ္ဗီပြည်မှ သူဌေးကြီး သုံးဦး၏ ပင့်ဖိတ်ချက်အရ ဤပြည်သို့ ရဟန်း အပေါင်းခြံရံလျက် ကြွတော်မူသည်။ ဤသို့ကြွမြန်း တော်မူစဉ် လမ်းခရီးကြား၌ မာဂဏ္ဍီ ပုဏ္ဏား လင်မယားကိုတွေ့သည်။ ၎င်းတို့ အရဟတ္တဖိုလ် ရအံ့ကို မြင်လေသည်။ ထိုအခါ ဘုရားရှင်သည် ခရီးစဉ်ပြောင်း၍ ကုရုတိုင်း "ကမ္မာသဒမ္မ" နိဂုံးသို့ ကြွတော်မူသည်။

ထိုနိဂုံးရွာမှ မာဂဏ္ဍီယမည်သော ပုဏ္ဏားတွင် နတ်သမီးတမျှ လှပသော "မာဂဏ္ဍီ" အမည်ရှိ သမီးပျိုတစ်ဦးရှိသည်။ မိဘနှစ်ပါးသည် သူတို့ သမီးနှင့်သင့်တော်သည့် လင်ယောကျ်ားရှာလျက် လှည့်လည်ကာနေခဲ့သည်။ မာဂဏ္ဍီယမည်သော ပုဏ္ဏားကြီးသည် ညဥ့်ဦးယံ သုံးယံစလုံးတွင် ရွာအပြင်ထွက်၍ မီးပူဇော်လျက်ရှိသည်။ ဤမီး ပူဇော်ခြင်းပြီးသော် ရွာထဲသို့ ပြန်ဝင်လာသည်။ ဤသို့အချိန်နှင့် ဘုရားရှင်နှင့် ဆုံတွေ့လေသည်။ ၎င်းသည် သူ့သမီးနှင့် သင့်တော်သောယောကျ်ားကို ရှာသည်။ အချိန်ကြာမြင့်ခဲ့လေသည်။ ဤသို့ကန္တေ့လည်းရှိ၊ လှပသောရဟန်းပျိုနှင့် သူ့သမီးနှင့် သင့်တော်ပေစွဟု စိတ်တွင်ကြံပြီး အိမ်သို့ ပုဏ္ဏားကြီးပြန်လာခဲ့သည်။ (၎င်းသည် ပရိဗိုဇ်ရဟန်းအနွယ် ဆင်းသက်လာသူဖြစ်သောကြောင့် သမီးနှင့်ပေးစားလိုခြင်းဖြစ်ပါသည်။)

အိမ်သို့ရောက်သောအခါ ပုဏ္ဏားကြီးသည် ဤလူ့ခွင်၌ မမြင်စဖူး တင့်တယ်လှပသော ဖြဟ္မဏ ဇာတ်ရဟန်းသူကို တွေ့ကြောင်း၊ သမီးကို တန်ဆာဆင်ပြီး ထိုသူနှင့် ဆောင်နှင်းရအောင် ခေါ်၍သွားကြလေသည်။ ပုဏ္ဏားမကလည်း သမီးကိုတန်ဆာဆင်၍ ပုဏ္ဏားကြီးနှင့်အတူ လိုက်လာလေသည်။ ဘုရားရှင်သည် ၎င်းနှင့်တွေ့သောအရပ်တွင် ခြေရာတော်သာ ချထားခဲ့ပြီး ရွာတွင် ဆွမ်းခံကြွတော်မူသည်။ ထို့နောက် ၎င်းတို့သည် ဘုရားနှင့်မတွေ့ဘဲ ခြေရာတော်ကိုသာ တွေ့ရသည်။ ဤခြေရာတော်ကို ပုဏ္ဏားကြီးက သူ့ဇနီးပုဏ္ဏားမကြီးအား ပြသလေသည်။ သူတွေ့သူကား ဤခြေရာပိုင်ရှင်ဖြစ်ကြောင်း ပြောကြားလေသည်။

ပုဏ္ဏားမကြီးကလည်း ခြေရာတော်ကို တွေ့လျှင် ဤခြေရာကား ရာဂဒေါသကိလေသာ ကုန်ခန်းသော ဘုရားရှင်တို့၏ ခြေရာဖြစ်သည်။ သူ့ခင်ပွန်းအား မိုက်မဲကြောင်း နှိမ့်ချစကားကို ပြောလေသည်။ ဤသို့မကြံသင့်ကြောင်း ပြောသည်။ သူ့ဇနီးနှင့် ဤသို့စကားများ အချေအတင်ပြောနေကြစဉ် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ပုဏ္ဏားကြီးမြင်ရာအရပ်၌ ရပ်တော်မူလေသည်။ ပုဏ္ဏားကြီးသည် သူ့ဇနီးပုဏ္ဏားမကြီးကိုဟောက်ပြီး သူတွေ့လိုသော ပုဂ္ဂိုလ်သည် ဤသူဟုပြော၍ ဘုရားရှင်နားသို့ကပ်လျက် အစောကပင် သင့်ကို စောင့်ကြောင်း၊ ဤဇမ္ဗူဒိပ်ကျွန်းတွင် သူ့သမီးနှင့် တူသော ရုပ်အဆင်းလှပသူမရှိကြောင်း၊ သူ့သမီးကို လုပ်ကျွေးပြုစုသူအဖြစ်ယူပါဟု ဘုရားရှင်အား အပ်လေသည်။

ဘုရားရှင်သည် ပုဏ္ဏားကြီး သံဝေဂရစေလိုသဖြင့် မာရ်နတ်၏ သမီးသုံးယောက်ကို မြင်လျှင်ပင် မေထုန်မှုမဖြစ်ခဲ့ကြောင်း၊ သူ့ကို ဖြားယောင်းသော်လည်း မလိုက်လျောပါကြောင်း၊ ယခု သင်၏ သမီးသည် ရွံရှာဖွယ် ကျင်ကြီး၊ ကျင်ငယ်တို့ပြည့်သော ဤသို့မိန်းမကို ခြေဖျားဖြင့် မထိ၊ ရက်ရက်စက်စက် ဘုရားရှင်က မိန့်တော်မူလေသည်။

ထိုစကားမိန့်ကြားချက်ကို ပုဏ္ဏားကြီး၏ သမီးကြားသော် သူ့အား ဤသို့ဆိုထားသောသူကို သူအထွတ်အထိပ်သို့ရောက်လျှင် နှိပ်စက်ဖျက်ဆီးမည်ဟု ရန်ငြိုးထားလေသည်။

ထိုပုဏ္ဏားနှစ်ဦးလင်မယားသည် ဘုရား၏ တရားတော်ကို နာကြားပြီး အနာဂါမ်ဖြစ်လေသော် သူတို့၏သမီး မာဂဏ္ဍီကို ဘထွေးတော်ဖြစ်သူ စူဠမာဂဏ္ဍီထံ၌ အပ်ထားခဲ့လေသည်။ သူတို့လည်း တရားများကို ထပ်မံပွားများ၍ ရဟန်းပြုကြလေသည်။ ဤသို့ဖြင့် ပုဏ္ဏားလင်မယားသည် ရဟန္တာ ဖြစ်သွားကြလေသည်။

များမကြာမီတွင် မာဂဏ္ဍီသည်လည်း ကောသမ္ဗီပြည့်ရှင် ဘုရင်မင်းမြတ်၏ မိဖုရားကြီးဖြစ်ပြီး အခြံအရံမောင်းမငါးရာတို့နှင့်တကွ အဆောင်သော ပြာသာဒ်တွင် စည်းစိမ်ခံစားတော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၏ (၁၁၄)နှစ်မြောက် နှစ်ပတ်လည် အသင်းသား အသင်းသူများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၇

ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၏ (၁၁၄)နှစ်မြောက် နှစ်ပတ်လည် အသင်းသား အသင်းသူများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများအဖြစ် ရွှေအဆင့်(H' Cap 0–9)ပြိုင်ပွဲ၊ ငွေအဆင့်(H' Cap 10–16)ပြိုင်ပွဲ၊ ကြေးအဆင့်(H' Cap 17–24)ပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် Professional အဆင့်(အသင်းသား)များပြိုင်ပွဲတို့ ကျင်းပသွားမည်ဖြစ်သည်။ သက်ကြီးတန်း၊ အမျိုးသမီးနှင့် ကြေးအဆင့်ပြိုင်ပွဲများအား မေ ၂၂ ရက် နံနက် ၆ နာရီခွဲမှ ၁၀ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး Professional အဆင့်(အသင်းသား)များပြိုင်ပွဲ၊ ရွှေအဆင့်နှင့် ငွေအဆင့်ပြိုင်ပွဲများအား မေ ၂၃ရက် နံနက် ၆ နာရီခွဲမှ ၁၀ နာရီခွဲအထိ ကျင်းပမည်ဖြစ်ကာ အထူးပြိုင်ပွဲငယ်များကို မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် အသင်းကပ္ပတိန်အသစ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များတာဝန်ယူခြင်း အထိမ်းအမှတ် အဝေးရိုက်ချက် (New Captain drive-in ) ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများ၏ ဆုပေးပွဲနှင့် နှစ်ပတ်လည်ဂုဏ်ပြုညစာစားပွဲကို မေ ၂၃ ရက် ညနေ ၄ နာရီမှ ၆ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဂေါက်ကွင်းကို ၁၉၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သက်တမ်း ၁၁၀ ကျော်ရှိ ဂေါက်ကွင်းဖြစ်ကာ (၁၁၄)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ပြိုင်ပွဲများအပြင် ပျော်ပွဲရွှင်ပွဲ အစီအစဉ်များလည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။

**ကိုညီလေး**

---

**❒ နော့တင်ဟမ်ဖော့ရက်စ်မှ**

ပထမဆုံးပရီမီယာလိဂ်သွင်းဂိုးကို သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ နော့တင်ဟမ်ဖော့ရက်စ် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၄)နေရာက နယူးကာဆယ် အသင်းကို သုံးမှတ်ဖြတ်၊ အဆင့်(၅)နေရာက စပါး အသင်းကို ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

နော့တင်ဟမ်ဖော့ရက်စ်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့လို့ တန်းဆင်းဇုန်ကနေ လွတ်မြောက်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီး ပရီမီယာလိဂ်အဆင့် ၁၈ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ လာမယ့်ပွဲစဉ်များအဖြစ် မေ ၂၀ ရက်မှာ ဆီဗီလာအသင်းနဲ့ ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်နဲ့ မေ ၂၃ ရက်မှာ ဘာရိုက်တန်အသင်းနဲ့ အက်ဖ်အေဖလား ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(မေလ၊ ၂၀၂၃)

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၂၈၁၀ |
| 95 Ron | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၂၅ | ၂၃၀၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၄၀ |
| 95 Ron | ၂၁၅၅ | ၂၂၃၂ |
| HSD (500 ppm) | ၁၉၆၈ | ၂၀၃၆ |
| HSD (50 ppm) | ၂၀၄၂ | ၂၁၁၂ |
| HSD (10 ppm) | ၂၀၄၂ | ၂၁၁၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ကျော်မင်းခန့်သည် ၎င်းအသုံးပြုသည့် “Kyaw Min Khant” Telegram အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာနေ ညီညီထွဋ်နှင့် မေသက်ဇွန်ဦး (ခ)မေဇွန်တို့သည် ၎င်းတို့အသုံးပြုသည့် “Nyi Nyi Htut” Face-book အကောင့်၊ “May Zune” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက်နေ စောမင်းသည် ၎င်းအသုံးပြုသည့် “Saw Min” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အချုပ်ထောင်၊ ကုန်ထုတ်စခန်းနှင့် ဘက်စုံစိုက်/မွေးစခန်းမှ အကျဉ်းသား၊ အကျဉ်းသူ ၄၉ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် ဧပြီ ၁၇**

မြန်မာ့နှစ်သစ်အခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကိုအလေးထားသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အချုပ်ထောင်၊ ကုန်ထုတ်စခန်းနှင့် ဘက်စုံစိုက်/မွေးစခန်းမှ ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူ ၄၉ ဦးကိုပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုကြောင်း သိရသည်။

### လွတ်ငြိမ်းခွင့်ရရှိ

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများတွင် နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား လေးဦး၊ ကင်းသာ(၁)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၉ ဦး၊ ကင်းသာ(၁)အင်အား၊ ဘက်စုံစိုက်/ မွေးစခန်း (နေပြည်တော်)မှ အကျဉ်းသား ၁၂ ဦး၊ ကင်းသာ(၂) ကုန်ထုတ်စခန်း(တပ်ကုန်း) မှ အကျဉ်းသား ၁၄ ဦး၊ စုစုပေါင်း ၄၉ ဦးတို့ လွတ်ငြိမ်းခွင့်ရရှိခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အချုပ်ထောင်ခန်းမ၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ဘက်စုံစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးတို့က ဆုံးမသြဝါဒစကားပြောကြားသည်။

ထို့နောက် အကျဉ်းသား၊ အကျဉ်းသူများအား အကျဉ်းထောင်တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အပူချိန်တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ထောင်လွတ်လက်မှတ်များ၊ လွတ်လူခရီးစရိတ်၊ စားစရိတ်များနှင့် လုပ်အားရှင်ခံစားခွင့်များ ပေးအပ်ခြင်း၊ ကတိခံဝန်ချက်များ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပြီး အကျဉ်းသားများကို ဌာနပိုင်မော်တော်ယာဉ်များဖြင့် မြို့မဈေးကားဂိတ်နှင့် နေပြည်တော်ဘူတာကြီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*** တိုင်းဒေသကြီး/ပြည်နယ်မှ**

ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။

အကျဉ်းသား၊ အကျဉ်းသူများကို တစ်ဦးလျှင် ခရီးစရိတ်အဖြစ် ခရီးမိုင်တစ်မိုင်အား ငွေကျပ် ၃၅ ကျပ်နှုန်း၊ စားစရိတ်အား တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဦးစီးရန်ပုံငွေမှလည်းကောင်း၊ စခန်းများမှ လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူများကို အလုပ်ဆင်းရက်အပေါ်မူတည်ပြီး သတ်မှတ်နှုန်းထားဖြင့် တွက်ချက်ထားသော လုပ်အားခဆုငွေများကို အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှ လည်းကောင်း ပြည့်ဝစွာထုတ်ပေးခဲ့ကြောင်း သိရသည်။

အကျဉ်းသားများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင်တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒစကားပြောကြား၍ ထောင်လွတ်လက်မှတ်ပေးအပ်ခဲ့သည်။

ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိသူ ၃၁၁၃ ဦးအနက် ကချင်ပြည်နယ်မှ ၁၂၅ ဦး၊ ကယားပြည်နယ်မှ ၁၁ ဦး၊ ကရင်ပြည်နယ်မှ ၈၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၇၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၄၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၉၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၅၀၊ မန္တလေးတိုင်းဒေသကြီးမှ ၃၄၇ ဦး၊ မွန်ပြည်နယ်မှ ၃၉၈ ဦး၊ ရခိုင်ပြည်နယ်မှ ၁၇၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၇၇ ဦး၊ ရှမ်းပြည်နယ်မှ ၁၅၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၈၂ ဦးအား လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့သည်။

ထို့အတူ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံခြားသား(သီရိလင်္ကာနိုင်ငံသား)အကျဉ်းသား ငါးဦးတို့အား နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း **နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်** ဟူသော စည်းကမ်းကန့်သတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော်ရက္ခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း၏ (၂၉) ကြိမ်မြောက် သင်္ကြန်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရွှေတိဂုံစေတီတော်ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၏ (၂၉) ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော်အရှေ့မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပသည်။

ဦးစွာ အခမ်းအနားကို ရခိုင်မောင်မယ်အသင်း၏ ရခိုင်မင်္ဂလာ



စည်တော်ဖြင့် ဖွင့်လှစ်ပြီး အဘိုး၊ အဘွားများအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ရက္ခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း၏နာယက ဦးကျော်မောင်ရေးစပ်ထားသော "သင်္ကြန်ပူစာ"မင်္ဂလာသီချင်းဖြင့် မောင်မယ်များက ဂုဏ်ပြုပူဇော်ကြပြီး ရွှေတိဂုံစေတီတော်ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၏ အမှုဆောင်နာယက ဦးသိန်းထွန်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ်အသင်း (ဒုတိယဥက္ကဋ္ဌ) သင်္ကြန်ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်သီသီဆွေက သင်္ကြန်ပူဇော်ပွဲနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍အဘိုး၊အဘွားများကိုယ်စား အဘိုး ဦးလှကျော်အောင်က ဂုဏ်ပြုစကားပြောကြားပြီး သင်္ကြန်ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကန်တော့ငွေ၊ ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

မြို့နယ်(ပြန်/ဆက်)



## ပေါင်မြို့နယ်၌ အေးမြသာကြည် မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်တွင်း တရားစခန်းဖွင့်လှစ်

ပေါင် ဧပြီ ၁၇

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်၌ အေးမြသာကြည် မဟာစည် သာသနာ့ရိပ်သာ သင်္ကြန်တွင်းတရားစခန်းကို ဧပြီ ၅ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိရာ အေးချမ်းစွာ တရားလာရောက်အားထုတ်သူများပြားလျက်ရှိကြောင်း သိရသည်။

တရားစခန်းတွင် ဆရာတော်ကြီးများက မဟာစည်ဝိပဿနာ တရားတော်မြတ်အား နေ့စဉ်ဟောကြားပြသပေးပြီး အလှူရှင်တို့က တရားစခန်းဝင်ရောက်အားထုတ်သူ သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ် ယောဂီများတို့အား ဆွမ်းနှင့် လှူဒါန်းဖွယ်ရာတို့ကို လှူဒါန်းခြင်း၊ ဝေယျာဝစ္စကုသိုလ်ယူခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေလျက်ရှိသည်။

အဆိုပါ တရားစခန်းကို ဧပြီ ၅ ရက်မှ ၂၀ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

လှည်းကူး ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ငမိုးရိပ်ဆည်အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက် ၉ နာရီက လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာအုပ်စု ငမိုးရိပ်ဆည်၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ငွေးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝင်းလွင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လေးထောင့်ကန်ငါးမွေးမြူရေးစခန်းမှ တာဝန်ခံနှင့်



ဝန်ထမ်းများက ငမိုးရိပ်ဆည်အတွင်းသို့ ငါးကြင်းနှင့် ငါးကျည်းငါးမျိုးစေ့သားပေါက်ကောင်ရေ ၂၀၀၀ ကို ကုသိုလ်ပြု ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

## ချောင်းဆုံမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကျိုက်သုတ်ဘုရားပွဲတော် အထူးစည်ကား

ချောင်းဆုံ ဧပြီ ၁၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း)၏ ထင်ရှားသည့် နှစ်သစ်ကူး သင်္ကြန်ကာလ ညှော်သည်ခေါ် ဘုရားပွဲတော်များကို လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်ကစတင်၍ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ယခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက္ကော၊ ဘိုးနက် ကျေးရွာ ကျိုက်သုတ်ဘုရားပွဲတော်သည် အထူးစည်ကား လျက်ရှိကြောင်း သိရသည်။

ဘုရားပွဲနေ့များတွင် လာရောက်လည်ပတ်ကြသူများနှင့် ရေကစားကြသူများကို အချိုရည်အအေး၊ မုန့်မျိုးစုံ၊ ထမင်းဟင်းနှင့် အခြားစားသောက်ဖွယ်ရာများကိုပြင်ဆင်ထားပြီး ညှော်ခံကျွေးမွေးကြကြောင်း သက္ကောကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။



ချောင်းဆုံမြို့နယ်တွင် မဟာသင်္ကြန်ကာလ ဘုရားပွဲတော်ကို သင်္ကြန်အကြိုနေ့တွင် မုရစ်ကြီးကျေးရွာ ဘုရားပွဲ၊ သင်္ကြန်အကျနေ့ နတ်မှော်ကျေးရွာဘုရားပွဲ၊ သင်္ကြန်အကြတ်နေ့ ချောင်းဆုံဘုရားပွဲ၊ သင်္ကြန်အတက်နေ့ ကရင်ဝင်းစိန်ကျေးရွာ (တောင်ပေါ်ကြီး) ဘုရားပွဲနှင့် နှစ်ဆန်းတစ်ရက်နေ့ သက္ကော၊ ဘိုးနက် ကျေးရွာ ကျိုက်သုတ်ဘုရားပွဲတော်များကို နှစ်စဉ်အစဉ်အလာမပျက် ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း အဆိုပါဘုရားပွဲများသည် ရပ်ဝေးရပ်နီးမှ လာရောက် လည်ပတ်သူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

သူဇာ(ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း စသည့်နည်းလမ်းများအားရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း ရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ကျောက်ဆည်မြို့နယ် တောင်ပလူနှင့် ရွာနန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းများက နှမ်းစပါးများ စိုက်ပျိုး

ကျောက်ဆည် ဧပြီ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလားကျောင်းကျေးရွာအုပ်စု တောင်ပလူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းနှင့် ရွာနန်းစိုက်ပျိုးရေးနှင့် ထွေထွေစီးပွားရေး သမဝါယမအသင်းများရှိ တောင်သူ ၇၉ ဦးက စိုက်ဧက ၂၇၆ ဧကပေါ်တွင် GW11 စပါးများ စိုက်ပျိုးထားရှိသည်။

အဆိုပါစပါးများကို ဖေဖော်ဝါရီလတွင် ပျိုးထောင်ပြီး မတ်လတွင်စိုက်ပျိုးကာ ဇွန်လတွင် စပါးများထွက်ရှိမည်ဖြစ်သည်။ စပါးများထွက်ရှိပါက တစ်ဧကလျှင် ပျမ်းမျှတင်း ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

## ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး
## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈)မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓသံဃာတော် အရှင်သူမြတ်တို့အား နေ့စဉ်အရဏ်ဆွမ်းအတွက် တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်များလှူဒါန်းလျက်ရှိခြင်း၊ အထက်ပါ စာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ဂုဏ်ပြုပူဇော်လှူဒါန်းခြင်း၊ စာမေးပွဲအသီးသီးအောင် အရှင်သူမြတ်တို့အားလည်း လှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သောလှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်း ဆောင်ရွက်ခဲ့သည်မှာ ၉၇ နှစ်တိုင် ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်းကြီး ပိဋကစာကြည့်တိုက်နှင့် သာသနာတော်ပြန့်ပွားရေးအတွက် ဘာသာရေးဆိုင်ရာ သင်တန်းများကိုလည်း အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID–19 ကပ်ရောဂါများ ကင်းစင်ပျောက်ကွယ်သွားပြီဟု သံသယ ရှင်းသည့်အချိန်တွင် ယခင်ဖွင့်နေကျ သင်တန်းများကို အခမဲ့ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်စဉ်အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ ဘာသာရေးဆိုင်ရာသင်တန်းများဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှအကျိုးဆောင်များ၏ ကူညီဆောင်ရွက်လှူဒါန်းပေးမှုနှင့်အတူ စေတနာ သဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံစုဘူးများရယူစုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသား၊ ဝန်ထမ်းများမှအစပြု၍ မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊ COVID 19 ကပ်ရောဂါမှ လုံးဝ (လုံးဝ) ကင်းဝေးကြလျက် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**

## ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ
## နှစ်သစ်ဦးဆုမွန်ကောင်းတောင်းလွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂–ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ်(၇၆၉/၇၇၁) တွင်တည်ရှိသည့် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသည် အသက်(၇၀)နှစ်နှင့် အထက် ခိုကိုးရာမဲ့ ဂိလာနဘိုးဘွားတို့၏ ကျန်းမာရေးကိုပြုစုစောင့်ရှောက်ပေးသည်မှာ (၅–၄–၂၀၂၃)ရက်တွင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပါသည်။ (၁၃)နှစ်တာ ကာလအတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးလှူဒါန်းပေးကြသော အလှူရှင်များ၊ အဆောက်အအုံ၊ ဆေးဝါး၊ အာဟာရ၊ အထွေထွေ၊ ပဒေသာပင်များ စိုက်ထူပေးသည့်အလှူရှင်များ၊ လုပ်အားဒါန ပေးလှူပေးကြသည့် လူငယ်ပရဟိတအသင်းများ၊ ကျန်းမာရေးကို စောင့်ရှောက်ပေးပါသော အထူးကုဆရာဝန်ကြီးများ၊ ဘိုးဘွားများ၏ နောက်ဆုံးခရီးတွင် ပို့ဆောင်ပေးသော နာရေးကူညီမှုအသင်းကြီးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ယခုကဲ့သို့ လှူဒါန်းခဲ့သည့် ကုသိုလ်တို့ကြောင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာ လိုရာဆန္ဒပြည့်စုံပါစေကြောင်း ဆည်းဆာရိပ်မိသားစုမှ နှစ်သစ်မင်္ဂလာဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ**
**ဘိုးဘွားများ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

အမှတ်၃၈၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း -၅၄၁၇၉၅ ၊ ၀၉- ၆၈၃၈၁၇၉၇၀

### အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ သဒ္ဓါ၊ စေတနာ ၊ မေတ္တာတို့ဖြင့် ငွေအလှူ ၊ ပစ္စည်းအလှူ၊ လုပ်အားဒါနအလှူ စဉ်ဆက်မပြတ်ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပ အလှူရှင်များနှင့် စေတနာဆရာဝန်ကြီးများအားလုံးတို့ ၁၃၈၅ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## (ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃–၂၀၂၄ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျပ်သန်း(၂၀၀)အထက် လုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းတွဲ(၅)ခုတို့ကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် တင်ဒါလျှောက်လွှာပုံစံများကို(၁၈–၄–၂၀၂၃)ရက်နေ့မှ (၁–၅–၂၀၂၃)ရက်နေ့အထိ အောက်ဖော်ပြပါရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး (၅–၅–၂၀၂၃)ရက်နေ့ နံနက်(၉:၃၀)နာရီနောက်ဆုံးထားပြန်လည်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။ တင်ဒါရှင်းလင်းပွဲအား(၂၆–၄–၂၀၂၃)ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး **(သီးခြားဖိတ်စာမပို့ပါ)** အသေးစိတ်သိရှိလိုပါက ပုသိမ်မြို့၊ မြက်တိုမဟာစေတီလမ်းရှိ **ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး** ဖုန်းနံပါတ် ၀၄၂–၂၈၂၀၇၊ ၀၄၂–၂၈၂၀၉ သို့ ရုံးချိန်အတွင်းနှင့် ayy.drd@drdmyanmar.net သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

❍ **ကျောဖုံးမှ**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းအစီအစဉ်ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အသက် (၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅)နှစ် ထူးချွန်သော မျိုးဆက်သစ် ကစားသမားများကို ဘောလုံးနည်းစနစ်ကျွမ်းကျင်မှုအလိုက် စနစ်တကျစိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ FIFA–MFF TDS Scouting Tour 2023 အစီအစဉ်ဖြင့် ဧပြီ ၂၀ ရက်မှ ၂၈ ရက်အထိ မြစ်ကြီးနား၊ လားရှိုး၊ မန္တလေး၊ စစ်တွေ၊ တောင်ကြီး၊ နေပြည်တော်၊ ပုသိမ်၊ ပြည်၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်မြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ပထမအကြိမ် ရွေးချယ်မည်ဖြစ်သည်။ အပြီးသတ်ရွေးချယ်ခြင်းကို မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မန္တလေးမြို့ မြန်မာဘောလုံးအကယ်ဒမီတွင် လည်းကောင်း၊ မေ ၁၆ ရက်နှင့်၁၇ ရက်တို့တွင် ရန်ကုန်အမျိုးသားဘောလုံး အကယ်ဒမီတွင်လည်းကောင်းပြုလုပ်မည်ဖြစ်သည်။ ရွေးချယ်ခံရသည့် ကစားသမားစာရင်းကို မေ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ FIFA–MFF TDS Scouting Tour 2023 အစီအစဉ်၏ ဒုတိယအကြိမ် ကစားသမားရွေးချယ်ခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ပြုလုပ်မည်ဖြစ်သည်။

လာရောက်ရွေးချယ်ခံမည့် လူငယ်များအနေဖြင့် မှတ်ပုံတင်၊ ကျောင်းထောက်ခံစာ၊ အိမ်ထောင်စု စာရင်းနှင့် မွေးစာရင်းတို့အား ယူဆောင်လာရမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကထုတ်ပြန်ထားသည့် လျှောက်လွှာတွင် ဖြည့်စွက်၍ သက်ဆိုင်ရာမြို့နယ်များရှိ အားကစားနှင့် ကာယပညာဦးစီးဌာနများသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ ရွေးချယ်မည့်ရက် မတိုင်မီ တစ်ရက်အလိုတွင် လျှောက်လွှာ တင်သွင်းမှု စာရင်းပိတ်မည်ဖြစ်ကြောင်း သိရသည်။

ကစားသမားရွေးချယ်မှုကို ဝါရင့်မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သည့် ဦးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးခင်မောင်လေး၊ ဦးငွေထွန်းတို့က အဖွဲ့ လေးဖွဲ့၏ ခေါင်းဆောင်များ အဖြစ် ဦးဆောင်၍ ရွေးချယ်မည်ဖြစ်သည်။ ကစားသမားများရွေးချယ်ခြင်းကို ဧပြီ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိအမျိုးသားဘောလုံးအကယ်ဒမီကွင်း၊ ဧပြီ ၂၁ ရက်တွင် ပဲခူးမြို့ရှိ တိုင်းအားကစားကွင်း၊ ဧပြီ ၂၂ ရက်တွင် ပုသိမ်မြို့ရှိ ကိုးသိန်းကွင်း၊ မြစ်ကြီးနားမြို့ရှိပြည်နယ်ကွင်း၊ ဘားအံမြို့ရှိ အောင်သံလွင်ကွင်း၊ ဧပြီ ၂၃ ရက်တွင် ပြည်မြို့ရှိ ခရိုင်ကွင်း၊ ဧပြီ ၂၄ ရက်တွင် မန္တလေးမြို့ရှိမြန်မာဘောလုံးအကယ်ဒမီကွင်း၊ မော်လမြိုင်မြို့ရှိ ကျောင်းသားကွင်း၊ ဧပြီ ၂၅ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်း(၁)၊ ဧပြီ ၂၆ ရက်တွင် စစ်တွေမြို့ရှိ ဝေသာလီကွင်းနှင့် လားရှိုးမြို့ရှိ ခရိုင်ကွင်း၊ ဧပြီ ၂၇ ရက်တွင် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်းနှင့် ဧပြီ ၂၈ ရက်တွင် ထားဝယ်မြို့ရှိ တိုင်းအားကစားကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

မြင့်စေတနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
**ဆရာဦးခင်မောင်မြင့်၊ အမှတ်–၃၊ ပိတောက်ရိပ်ငြိမ်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၈၆၆၆၄၇၈၊ ၀၉–၇၅၈၃၂၃၆၁၇**
**(ဌာနခွဲ)အမှတ်(၂)၊ ၆၂–လမ်း၊ ၂၈x၂၉လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။ ဖုန်း–၀၂–၄၀၂၂၅၁၅၊ ၀၉–၂၅၆၅၆၈၁၈၂**

### “ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ”

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလှအောင် [၁၂/သကတ(နိုင်)၀၁၈၀၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၈/ရပ်ကွက်၊ ဂန္ဓမာအောက်လမ်း၊ အမှတ်(၁၄၆/ခ)ဟုခေါ်တွင်သော (အလျား ၂၀ပေxအနံ ၆၀ပေ) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (မြေညီထပ်+မှန်ခန်း)တိုက်ခန်းအား ပိုင်ဆိုင်ကြောင်း အဆိုပြုလာသူ ဦးသူရိန်မင်းဆွေ [၈/မကန(နိုင်) ၁၁၇၅၀၇] ထံမှ (၁၅–၄–၂၀၂၃)ရက်စွဲပါ အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အဆိုပါတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်သူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၁၁)**
**အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်။**
**Ph: 09–420010569**

## မန္တလေးတိုင်းဒေသကြီး မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ အိမ်ခန်းများလျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ ပြည်သူများနေထိုင်ရေး အဆင်ပြေစေရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီးဖြစ်သော မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာရှိ အိမ်ခန်းများအား ပြည်သူများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။

၂။ ငှားရမ်းနေထိုင်လိုပါက အောက်ဖော်ပြပါအတိုင်း လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က)လျှောက်လွှာရောင်းချမည့်ရက် -(၁၈-၄-၂၀၂၃)ရက်မှ (၁၇-၅-၂၀၂၃)ရက်အထိ (ရုံးချိန်အတွင်း)

(ခ)လျှောက်လွှာလက်ခံမည့်ရက် -(၂၅-၄-၂၀၂၃)ရက်မှ (၁၉-၅-၂၀၂၃)ရက်အထိ (ရုံးချိန်အတွင်း)

(ဂ)လျှောက်လွှာရရှိနိုင်မည့်နေရာ - မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (၆၆)လမ်း၊ (၁၆x၁၉)လမ်းကြား

(အသေးစိတ်သိရှိလိုပါက ၀၉-၉၆၅၆၉၆၄၀၆၊ ၀၉-၂၅၄၂၇၈၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်)

**အိမ်ခန်းနေရာချထားရေးကော်မတီ**
**မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ၊ မန္တလေးမြို့**

## မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန်လိုအပ်သော (၈၀/၁၀၀) ကတ္တရာနှင့် ဘိလပ်မြေများအား (၂၀၂၃-၂၀၂၄)ခု ဘဏ္ဍာရေးနှစ်ရန်ပုံငွေ(မြန်မာငွေကျပ်)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၀-၄-၂၀၂၃

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၄-၅-၂၀၂၃

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာလမ်း၊ မကွေးမြို့

၃။ တင်ဒါဖွင့်ဖောက်မည့် နေ့ရက်ကို ဆက်လက်အကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၉-၅၃၄၂၈၅၇၊ ၀၉-၂၅၉၀၃၇၃၃၃၊ ၀၉-၅၃၁၀၇၁၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်၊ အင်ရောင်း)တို့အတွက် ဆေးဝါးကုန်ကြမ်း၊ တိရစ္ဆာန်အစားအစာနှင့် ထုပ်ပိုးပစ္စည်းများ (၁၆၄)မျိုးအား အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | ဆေးဝါးကုန်ကြမ်း | ၂၁ မျိုး |
| (၂) | Aluminium Foil/ နိုင်ငံခြားစက္ကူ/Sticker Label | ၂၂ မျိုး |
| (၃) | Printed Carton Box များ | ၃၇ မျိုး |
| (၄) | Printed Box များ | ၂၁ မျိုး |
| (၅) | Plastic Tray & Plastic Bag | ၉ မျိုး |
| (၆) | တိရစ္ဆာန်အစားအစာ | ၃ မျိုး |
| (၇) | သုတေသနသုံး Chemical များ | ၅ မျိုး |
| (၈) | အခြားပစ္စည်း | ၅ မျိုး |
| (၉) | ပြည်ပ ဆေးဝါးကုန်ကြမ်း | ၄၁ မျိုး |

၂။ တင်ဒါဖွင့်ပိတ်ရက် - (၁၈-၄-၂၀၂၃)မှ (၄-၅-၂၀၂၃)ထိ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်၊ အင်ရောင်း)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **တယ်လီဖုန်းအမှတ်** |
| **စက်မှုဝန်ကြီးဌာန၊** | **၀၆၇၃-၄၀၈၃၈၈** |
| **ရုံးအမှတ်(၃၇)၊ နေပြည်တော်။** | **၀၆၇၃-၄၀၈၃၅၄** |

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)အမှတ်(၁)ရပ်ကွက်၊ ဝက်မစွတ်နဝဒေးလမ်း၊ မြေကွက်အမှတ်(၁၀၈)၊ ဧရိယာ(၇၀'x၆၀')ရှိသော၊ ဦးမြင့်နိုင်ဝင်း (၅/မရန(နိုင်)၀၀၈၆၂၇)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေကွက်ကို မြေငှါးဂရန်တွင်အမည်ပေါက်သူ-ဦးမြင့်နိုင်ဝင်းထံမှ အရောင်းအဝယ်ကတိစာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်စုသက်နွယ်(၁၂/ကမရ(နိုင်)၀၆၀၇၅၇)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(မှော်စက်)၊ မြေကွက်အမှတ်(၅၉)၊ ရာဇသင်္ကြန်လမ်း၊ မှော်စက်ရပ်ကွက်၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြို့မြေစာရင်းတွင် ဦးစိုးသိန်း(DLA-၀၀၂၃၈၀)[၁၂/ဒလန(နိုင်)၀၂၇၉၆၈] အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ပါသည်။

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု- အေးသာယာ၊ ကွင်း/အကွက်အမှတ်နှင့် အမည်- ၄၇- ရွာမရပ်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်- ၃ + ၄ ၊ ဧရိယာ- ၀. ၂၂၀ ဧကရှိ နှစ် (၃၀) မြေငှားဂရန်မြေကွက်သည် တောင်ကြီးမြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ ဦးစိုင်းစောလှိုင် (ခ) မောင်ဖြူ (၁၃/တကန (နိုင်) ၀၀၇၃၄၁) ၏ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အေးသာယာမြို့၊ အမှတ် (၃) ရပ်ကွက်၊ မြောက်ဘက်မြို့ပတ်လမ်း၊ အမှတ်- ၃/၄ ဟုခေါ်တွင်သည့် ရေ၊ မီး အစုံ တစ်ထပ်ကိုဒေါင်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးစိုင်းစောလှိုင် (ခ) မောင်ဖြူ နှင့် ဇနီးဖြစ်သူ ဒေါ်နန်းကောင်တစ် (၁၃/တကန (နိုင်) ၀၀၃၅၄၆) တို့ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးအောင်မြတ်စိုး (၁၃/တကန (နိုင်) ၀၀၄၂၃၈) နှင့် ဒေါ်အေးအေးသန့် (၈/ပခက (နိုင်) ၁၆၃၃၆၂) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။


ပြင်ပ

အလင်းရောင်

ကို

အသုံးချပါ။

မလိုအပ်သော

အိမ်တွင်း

လျှပ်စစ်မီး

များကို

လျှော့သုံးပါ

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ


# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း) ပထမအကြိမ် ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း)၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်ကို (၂၅-၄-၂၀၂၃)ရက်မှ (၃၀-၄-၂၀၂၃)ရက်နေ့အထိ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင် ပထမနေ့ ( ၂၇-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း( ၉:၀၀ )နာရီ၊ အပိုင်း( ၁ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၁ မှ ၂၀၇ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် ( ၄ပ-၁ မှ ၂၆၉ ) အထိ | (၂၀၁၉ အောင်) |
| (၃) | သိပ္ပံဘွဲ့ | - | ရူပဗေဒ (၄ရပ-၁ မှ ၃၁၄ ) အထိ | (၂၀၁၉ အောင်) |

**ဘွဲ့နှင်းသဘင် ပထမနေ့ ( ၂၇-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း ( ၂ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၂၀၈ မှ ၆၆၃ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | စီးပွားရေးပညာ ( ၄စီး-၁ မှ ၃၁၅ ) အထိ | (၂၀၁၉ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၅-၄-၂၀၂၃) ရက်နေ့ နံနက်ပိုင်း (၉:၀၀)နာရီ အပိုင်း(၁+၂)**

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( ၂၈-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း( ၉:၀၀ )နာရီ၊ အပိုင်း( ၃ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ ( ၄အ-၁ မှ ၂၄၅ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း ( ၄သ-၂ မှ ၂၃၁ ) အထိ | (၂၀၁၉ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | အရှေ့တိုင်းပညာ ( ၄အရ-၁ မှ ၂၃ ) အထိ | (၂၀၁၉ အောင်) |
| (၄) | သိပ္ပံဘွဲ့ | - | ဓာတုဗေဒ (၄ဓ-၁ မှ ၁၆၃ ) အထိ | (၂၀၁၉ အောင်) |
| (၅) | သိပ္ပံဘွဲ့ | - | သတ္တဗေဒ (၄သတ-၁ မှ ၁၃၈ ) အထိ | (၂၀၁၉ အောင်) |

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( ၂၈-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း( ၄ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၆၆၄ မှ ၁၂၅၈ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ ( ၄အ-၂၄၆ မှ ၆၅၀ ) အထိ | (၂၀၁၉ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | စီးပွားစီမံပညာ ( ၄စစ-၁ မှ ၁၀၉ ) အထိ | (၂၀၁၉ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၅-၄-၂၀၂၃) ရက်နေ့ မွန်းလွဲပိုင်း(၂:၀၀)နာရီ အပိုင်း( ၃+၄ )**

**ဘွဲ့နှင်းသဘင် တတိယနေ့ ( ၂၉-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း( ၉:၀၀ )နာရီ၊ အပိုင်း( ၅ )**

| | | | | |
|---|---|---|---|---|
| (၁) | ဥပဒေပညာဘွဲ့ | - | ဥပဒေပညာ ( ၅ဥ-၁ မှ ၁၃၅ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း ( ၄သ-၂၃၂ မှ ၆၃၄ ) အထိ | (၂၀၁၉ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ ( ၄ဒ-၁ မှ ၁၀၃ ) အထိ | (၂၀၁၉ အောင်) |
| (၄) | ဝိဇ္ဇာဘွဲ့ | - | စိတ်ပညာ ( ၄စ-၁ မှ ၅၇ ) အထိ | (၂၀၁၉ အောင်) |
| (၅) | သိပ္ပံဘွဲ့ | - | သင်္ချာ (၄သခ-၁ မှ ၂၂၇ ) အထိ | (၂၀၁၉ အောင်) |
| (၆) | သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ (၄ရခ-၁ မှ ၁၁၃ ) အထိ | (၂၀၁၉ အောင်) |

**ဘွဲ့နှင်းသဘင် တတိယနေ့ ( ၂၉-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း( ၆ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၁၂၅၉ မှ ၁၉၀၄ ) အထိ | (၂၀၁၉ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် ( ၄ပ-၂၇၀ မှ ၆၆၃ ) အထိ | (၂၀၁၉ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၆-၄-၂၀၂၃) ရက်နေ့ နံနက်ပိုင်း( ၉:၀၀ )နာရီ အပိုင်း(၅+၆)**

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ( ၃၀-၄-၂၀၂၃ ) အစီအစဉ်**
**နံနက်ပိုင်း(၉:၀၀)နာရီ၊ အပိုင်း( ၇ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၁၃ မှ ၈၇၉ ) အထိ | (၂၀၂၂ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ ( ၄အ-၂ မှ ၂၉၇ ) အထိ | (၂၀၂၂ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ (၄ဒ-၁၆ မှ ၁၂၆ ) အထိ | (၂၀၂၂ အောင်) |
| (၄) | ဝိဇ္ဇာဘွဲ့ | - | စိတ်ပညာ ( ၄စ-၁၃ မှ ၅၅ ) အထိ | (၂၀၂၂ အောင်) |
| (၅) | ဝိဇ္ဇာဘွဲ့ | - | အရှေ့တိုင်းပညာ ( ၄အရ-၁၁ မှ ၁၃ ) အထိ | (၂၀၂၂ အောင်) |
| (၆) | ဥပဒေပညာဘွဲ့ | - | ဥပဒေပညာ ( ၅ဥ-၃ မှ ၇၃ ) အထိ | (၂၀၂၂ အောင်) |
| (၇) | ဝိဇ္ဇာဘွဲ့ | - | စီးပွားရေးပညာ ( ၄စီး-၂ မှ ၃၁ ) အထိ | (၂၀၂၂ အောင်) |
| (၈) | ဝိဇ္ဇာဘွဲ့ | - | စီးပွားစီမံပညာ ( ၄စစ-၁ မှ ၈ ) အထိ | (၂၀၂၂ အောင်) |
| (၉) | သိပ္ပံဘွဲ့ | - | ဓာတုဗေဒ (၄ဓ-၄ မှ ၁၅၂ ) အထိ | (၂၀၂၂ အောင်) |
| (၁၀) | သိပ္ပံဘွဲ့ | - | ရူပဗေဒ (၄ရပ-၁ မှ ၁၉၈ ) အထိ | (၂၀၂၂ အောင်) |
| (၁၁) | သိပ္ပံဘွဲ့ | - | သင်္ချာ (၄သခ-၇ မှ ၁၉၆ ) အထိ | (၂၀၂၂ အောင်) |
| (၁၂) | သိပ္ပံဘွဲ့ | - | သတ္တဗေဒ (၄သတ-၁၉ မှ ၁၁၁ ) အထိ | (၂၀၂၂ အောင်) |
| (၁၃) | သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ (၄ရခ-၃ မှ ၁၅၀ ) အထိ | (၂၀၂၂ အောင်) |

**ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ( ၃၀-၄-၂၀၂၃ ) အစီအစဉ်**
**မွန်းလွဲပိုင်း(၂:၀၀)နာရီ၊ အပိုင်း( ၈ )**

| | | | | |
|---|---|---|---|---|
| (၁) | ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ ( ၄မ-၈၈၀ မှ ၁၄၁၁ ) အထိ | (၂၀၂၂ အောင်) |
| (၂) | ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် ( ၄ပ-၂၇ မှ ၄၂၈ ) အထိ | (၂၀၂၂ အောင်) |
| (၃) | ဝိဇ္ဇာဘွဲ့ | - | သမိုင်း ( ၄သ-၁၃ မှ ၆၆၇ ) အထိ | (၂၀၂၂ အောင်) |

***အစမ်းလေ့ကျင့်ရက် (၂၇-၄-၂၀၂၃) ရက်နေ့ မွန်းလွဲပိုင်း( ၂:၀၀ )နာရီ၊ အပိုင်း( ၇+၈ )**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူသူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့် ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာ တင်ပြ၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင်ဌာန)တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ထုတ်ပေးမည်ဖြစ်ပါသည်-

**နေ့ရက်** - (၂၀-၄-၂၀၂၃ မှ ၂၁-၄-၂၀၂၃)ရက်အထိ အပိုင်း(၁+၂+၃+၄)
(၂၂-၄-၂၀၂၃ မှ ၂၄-၄-၂၀၂၃)ရက်အထိ အပိုင်း(၅+၆+၇+၈)

**အချိန်** - နံနက်(၉:၀၀) မှ (၁၂: ၃၀) အထိ
မွန်းလွဲပိုင်း (၁:၀၀)မှ (၄:၀၀) အထိ

**နေရာ** - အဝေးသင်ဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ ယူသူများသည် ဆံပင်အရောင် ဆေးမဆိုးရ၊ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အမျိုးသားများ နားကွင်း၊ နားကပ် ဝတ်ဆင်ခွင့်မပြု၊ မြန်မာဝတ်စုံ သို့မဟုတ် တိုင်းရင်းသားဝတ်စုံ သို့မဟုတ် အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်ရမည်။ (ဂျင်းဘောင်းဘီ၊ စပို့ရှပ်၊ တီရှပ်၊ ဂျာစီ) ဝတ်ဆင်ခွင့်မပြုပါ။

အမျိုးသမီးများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာဝတ်စုံ အင်္ကျီလက်ရှည်/ လက်စကဖြစ်ရမည်။ (သို့မဟုတ်) တိုင်းရင်းသား ဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရမည်ဖြစ်ပါသည်။ အမျိုးသမီးများလုံချည်ကို ခြေသလုံးတစ်ဝက်အထိ လုံလုံခြုံခြုံ ဝတ်ဆင်ရမည် ဖြစ်ပါသည်။

သတ်မှတ်ထားသော စည်းကမ်းများနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်အခမ်းအနားသို့ လုံးဝ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၄။ အခြားသိရှိလိုသော အချက်များရှိပါက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အဝေးသင် သင်တန်း) ရုံးချိန်အတွင်း (၀၉-၂၅၈၈၃၂၀၉၂၊ ၀၉-၄၃၂၀၈၅၁၉၊ ၀၉-၄၅၅၃၆၅၃၈၄)ဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

## ဒေါ်မူမူ
### အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ်(၁၃/ခ)၊ ဓမ္မာရုံလမ်း၊ နယ်မြေ (၁၅)၊ ရွာသစ်လေးဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့နေ (ဦးသန်းထွန်း)၏ဇနီး၊ (ဦးဟုတ်လှိုင်-ဒေါ်လင်း)တို့၏သမီးငယ်၊ (ဦးနေဝင်း-ဒေါ်ကြူကြူ)တို့၏ညီမ၊ ဒေါ်အေးအေးခိုင်(ခ)ပင့်ကီ၊ (ဦးထွန်းဝင်း)- ဒေါ်ဝါဝါမွန်၊ ဦးကေမြတ်သူ(ခ)ပေါက်ပေါက်-ဒေါ်တင်တင်ချိုတို့၏အဒေါ်၊ မြေး လေးယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၁၅-၄-၂၀၂၃ (စနေနေ့) ည ၁၀:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၂၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည်
### အသက်(၈၆)နှစ်
### (ပျဉ်းမနား)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာဌာန၊ ဥက္ကဋ္ဌ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့ ပါမောက္ခ ဒေါက်တာဒေါ်ခင်မျိုးလှ၏ ချစ်လှစွာသောမိခင်ကြီး ဘွားဘွား ဒေါ်ခင်ကြည် အသက်(၈၆)နှစ်သည် ၁၅-၄-၂၀၂၃ ရက် ည ၁၁:၅၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့ဝင်များအားလုံးမှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့ဝင်များအားလုံး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည်
### အသက်(၈၆)နှစ်
### (ပျဉ်းမနား)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူးမမ ဒေါက်တာဒေါ်ခင်မျိုးလှ၏ ချစ်လှစွာသောမိခင်ကြီး ဘွားဘွား ဒေါ်ခင်ကြည် အသက်(၈၆)နှစ်သည် ၁၅-၄-၂၀၂၃ ရက် ည ၁၁:၅၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာဒေါ်ခင်စောဦးနှင့်**
**ဝန်ထမ်းများအားလုံး**
**အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာန**
**မြောက်ဥက္ကလာပဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်ခင်ကြည်(ပျဉ်းမနား)
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းနေ (ဦးအေးမောင်-ဒေါ်ဆွတ်)တို့၏သမီး၊ (ဦးထွန်းလှိုင်-ဒေါ်ငွေခ)တို့၏သမီးချွေးမ၊ (ဦးလှမောင်)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်းမောင်-ဒေါ်မြင့်မြင့်အေး၊ ပါမောက္ခဒေါက်တာဒေါ်ခင်မျိုးလှ (ပါမောက္ခ/ဌာနမှူး၊ အကြောအဆစ်ရောဂါကုပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဦးဇော်သင်းမောင်၊ ဦးဇော်လင်းမောင်၊ ဒေါ်မြမြဝင်း၊ ဒေါ်ခင်စိုးလှ(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မမြတ်ဘရဏီမောင်၊ မကေရီမင်းမြတ်၊ မဖူးပွင့်သဒ္ဒါ၊ မဖွန့်ပွင့်သဒ္ဒါ၊ မောင်ဟိန်းထက်မြက်အောင်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၅-၄-၂၀၂၃ (စနေနေ့) ည ၁၁:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၂၃ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ အ.ထ.က(၂) သင်္ဃန်းကျွန်းနောက်ကျောရှိ မူလဆယ်တောင်ပြည့်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်မေ
**B.Sc(Maths Q), D.A**
**စက်မှုကုန်ကြမ်းမန်နေဂျာ(ငြိမ်း) စက်မှု(၁)၊**
**မြို့မအမျိုးသမီးအထက်တန်းကျောင်းသူဟောင်း (ထ-၂၊ ဒဂုံ)**
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် ၊ အမှတ် (၄၅)၊ အောင်ဇေယျလမ်းနေ (ဦးသန်းဖေ-ဒေါ်ပု)တို့၏သမီးကြီး၊ (ဦးမြင့်ဆွေ)၊ ဒေါက်တာသန်းဝင်း-ဒေါက်တာချိုချိုယုမွန်၊ ဦးဝင်းဟန်-ဒေါ်မြင့်မြင့်စန်း(ဝါဇီ)၊ ဦးတင်အောင်ကြီး-ဒေါ်အေးအေးမြင့် (လယ်ပြ-ငြိမ်း)၊ ဒေါ်အေးအေးတင့်တို့၏ အစ်မကြီး၊ တူ/တူမ ငါးယောက်တို့၏ ကြီးကြီးသည် ၁၄-၄-၂၀၂၃ ရက် ည ၉:၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၂၃ ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည် (ပျဉ်းမနား)
### အသက်(၈၆)နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အကြောအဆစ်နှင့်ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူးမမ ဒေါက်တာခင်မျိုးလှ၏ ချစ်လှစွာသောမိခင်ကြီး ဘွားဘွား ဒေါ်ခင်ကြည် အသက်(၈၆)နှစ်သည် ၁၅-၄-၂၀၂၃ ရက် ည ၁၁:၅၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလုံး**
**အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး**
**ဆေးပညာဌာန၊**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများလုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှရွှေ
### အသက်(၉၃)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်၊ ယုန်ညီနောင်တိုက်နေ(ဦးဝမ်စူး-ဒေါ်ရှောင်မွှေး)တို့၏သမီး၊ (ဦးချိန်ငါး-ဒေါ်ရင်သူ)တို့၏သမီးချွေးမ၊ (ဦးသန်းဝင်း-ဒေါ်တင်လွမ်)၊ (ဦးဝင်းဆွေ)-ဒေါ်ကင်းတို့၏ညီမ၊ ဒေါက်တာဆောင်ဝင်း-ဒေါ်ဆွေဆွေမြင့်တို့၏အစ်မ၊ ရန်ကုန်မြို့၊ သံလွင်လမ်းနေ (ဦးကြုံစိုင်)၏ဇနီး၊ ဦးခိုင်ထွန်းလင်း-ဒေါ်ပြုံးပြုံးခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ပြည့်စုံထွန်း၊ မသက်စုအေးတို့၏ ချစ်လှစွာသောအဘွား၊ တူ/တူမ ၁၂ ယောက်တို့၏ အဒေါ်သည် ၁၆-၄-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၈:၀၈ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မုဒုံနေအိမ်မှ မုဒုံတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ ခဲဖွယ်အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှတရားပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် အတူတကွနာယူနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၊ လူနေရပ်ကွက်အမှတ်- ဇေယျာသီရိ၊ မြေကွက်အမှတ်- ၂/၂၆၁၊ ဧရိယာ (၀.၀၂၈)ဧက၊ (၂၅ပေx၅၀ပေ)၊ (၁၂၅၀)စတုရန်းပေအကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ယမုံနာလမ်း၊ အမှတ်-၄၃၆ ဟုခေါ်တွင်သော (၆)ထပ်တိုက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးလှထွန်း [၁၂/ဒဂန(နိုင်)၀၂၂၇၉၁]နှင့် ဒေါ်ကြည် [၁၂/ဒဂန(နိုင်)၀၂၂၉၅၁]တို့အမည်များဖြင့် မှတ်သားတည်ရှိပါသည်။ အမည်ပေါက်များအနက် ဦးလှထွန်းမှာ (၁၆-၇-၂၀၂၁) ရက်က ကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သူ(ဇနီး) ပူးတွဲအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ကြည် [၁၂/ဒဂန(နိုင်)၀၂၂၉၅၁] က ဖော်ပြပါမြေနှင့်အဆောက်အဦတို့အား မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၀၁၅၄၆၂၄၀ ၊ ၀၉-၇၉၉၅၉၅၅၀၅**

## မိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဥယျာဉ်လမ်း၊ မြေကွက်အမှတ်(၉၀၅)၊ (ခြံရင်းခြမ်း)၊ မြေအကျယ်အဝန်း (၂၄ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော် [၁၂/သဃက(နိုင်)၀၆၁၈၀၈] မှ(၁၁-၂-၂၀၂၂)နေ့စွဲပါ မြေကွက်နှင့်နေအိမ် အပြီးအပိုင်အရောင်းအဝယ်နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်၏ တစ်ဦးတည်းပိုင်ငွေကြေးဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ပစ္စည်းဖြစ်ပါသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့် လုံးဝမရှိပါကြောင်းနှင့် ဦးကျော် တစ်ဦးတည်းသာလျှင် တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ ရာဇသင်္ကြန် (၂)လမ်း၊ မြေကွက်အမှတ် (၉၂/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်နီနီသန်း [၁၂/ဥကတ(နိုင်)၀၁၂၁၉၀] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃၊၀၉-၇၉၆၃၀၈၀၂၁**

## ရေချွေတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည် ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်...

❖ ယခု နိုင်ငံအတွင်းဖြစ်ပေါ်နေသော အခြေအနေများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်...

❖ ကျင်းပမည့်ရွေးကောက်ပွဲသည်လည်း မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဖြစ်ပြီး ကမ္ဘာ့ရွေးကောက်ပွဲမဟုတ်...

❖ မိမိတို့နိုင်ငံသားများအတွက် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲဖြစ်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဧပြီ ၁၇

အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသည့် နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၃၀၁၅ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၉၈ ဦး စုစုပေါင်း ၃၁၁၃ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုခဲ့သည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၃၀၁၅ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၉၈ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✳



မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရသူများအား ၎င်းတို့၏မိသားစုဝင်များက ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ နှုတ်ဆက်ကြစဉ်။

## နော့တင်ဟမ်ဖောရက်စ်ကို အနိုင်ရပြီး မန်ယူအသင်း ပရီမီယာလိဂ်အဆင့်သုံးနေရာ တက်လှမ်း

နော့တင်ဟမ်ဖောရက်စ် အသင်းနဲ့ မန်ယူအသင်းတို့ ဧပြီ ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့်သုံးနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၂ မိနစ်မှာ အန်တိုနီကတစ်ဂိုး၊ ၇၆ မိနစ်မှာ ဒါလော့က တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ဘရာဇီးတိုက်စစ်မှူး အန်တိုနီရဲ့ သွင်းဂိုးဟာ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နောက်ပိုင်း မန်ယူအသင်းနဲ့အတူ

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❐

## FIFA-MFF TDS Scouting Tour 2023 အစီအစဉ်ဖြင့် မျိုးဆက်သစ် ထူးချွန်လူငယ်ကစားသမားများ နိုင်ငံတစ်ဝန်း ရွေးချယ်မည်

ရန်ကုန် ဧပြီ ၁၇

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ) ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA–MFF TDS Scouting Tour 2023 အစီအစဉ်ဖြင့် မျိုးဆက်သစ် ထူးချွန်လူငယ်ကစားသမားများကို နိုင်ငံတစ်ဝန်း ရွေးချယ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❍


ယနေ့ ဖတ်စရာ

**အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ထရာပြည်နယ်၌ အပူချိန်မြင့်တက်မှုကြောင့် ၁၁ ဦး သေဆုံး**

စာမျက်နှာ » ၁၄

**အနာဂတ်မှာခရီးသွားဖို့ EV ယာဉ်တွေစီးကြစို့ (၂)**

ဆောင်းပါး စာမျက်နှာ » ၁၆

**ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း**

ဆောင်းပါး စာမျက်နှာ » ၂၅